၁၉၉၅ ခု အောက်တိုဘာလမှစတင်၍
အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

*Published by Voice of Burma Information Group* *Issue No. 711 MAY 24, 2009*

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**

**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , voburma@ac.auone-net.jp**

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း မြန်မာနိုင်ငံကို အရေးပေါ်သွားမည်

**RFA၊ မေလ ၂၃။** ။ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်ထောင်အထူးတရားရုံးမှာ ရုံးတင်စစ်ဆေးနေတာကို အလွန်အမင်းစိုး ရိမ်ပါကြောင်းနဲ့ သူ့ကိုပြန်လွှတ်ပေးဘို့ မြန်မာအစိုးရအကြီးအကဲကို တိုက်တွန်းရအောင် မြန်မာနိုင်ငံကိုတတ်နိုင်သမျှ အမြန်ဆုံးသွားရောက်ဘို့စီစဉ်မယ်လို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက CNN နဲ့ ရုပ်မြင်သံကြားတွေ့ဆုံခန်းမှာ ပြောကြားလိုက်ပါတယ်။

မြန်မာနိုင်ငံကို မြန်နိုင်သမျှအမြန်ဆုံး သွားရောက်ပါမယ်၊ လောလောဆယ်မှာတော့ မြန်မာနိုင်ငံကိုဘယ်တော့သွားရောက်နိုင်မလဲဆိုတာ မြန်မာအစိုးရနဲ့ အလေးအနက်ထားဆွေးနွေးနေပါတယ်။ မြန်မာနိုင်ငံဒီမိုကရေစီနဲ့ပတ်သက်ပြီး အလွန်အမင်းစိုးရိမ်နေရတာပါ။ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးဘို့ ထပ်မံတိုက်တွန်းပါမယ်လို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်းကပြောသွားပါတယ်။

မြန်မာနိုင်ငံကိုသွားရောက်တဲ့အခါ ဒီကိစ္စကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ တခြားအထက်တန်း တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ လူကိုယ်တိုင်တွေ့ပြီး ဆွေးနွေးမှာပါလို့ဆိုပါတယ်။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးညှိနှိုင်းမှုရုံး ဌာနေကိုယ်စားလှယ် Mr.Bishow Parajuli ဟာ တရားခွင်ကို မနေ့ကသွားရောက်ခွင့်ရခဲ့တယ်လို့လည်း မစ္စတာဘန်ကီမွန်းက ပြောပါတယ်။

မြန်မာနိုင်ငံက အဆိုးဝါးဆုံးထောင်တခုလို့ နာမည်ဆိုးနဲ့ကျော်ကြားတဲ့ အင်းစိန်ထောင်မှာ ဒေါ်အောင်ဆန်းစုကြည်လို ငြိမ်းချမ်းရေးနိုဘယ်ဆု ရသူကို ထားရှိတာဟာ လက်သင့်ခံနိုင်စရာမရှိဘူး လို့လည်း မစ္စတာဘန်ကီမွန်းကပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီမိုကရေစီကို သက်ဝင်ယုံကြည်သူတဦးဖြစ်လို့ သူ့ကိုအပြည့်အဝ ယုံလည်းယုံကြည် ထောက်လည်းထောက်ခံတဲ့ အကြောင်း၊ မြန်မာနိုင်ငံမှာ တွေ့ဆုံဆွေးနွေးရေးလုပ် ဘို့အတွက် ပြန်စဉ်းစားသုံးသပ်မယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည်ဟာ မရှိမဖြစ်ပါဝင်ရမယ့်ပုဂ္ဂိုလ်ဖြစ်တဲ့ အကြောင်းလည်း မစ္စတာဘန်ကီမွန်းကပြောပါတယ်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မြန်မာနိုင်ငံ လာမယ်ဆိုရင် ကြိုတင်ပြင်ဆင်သင့်တယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပြန်ကြားရေးတာဝန်ခံလည်းဖြစ် အောင်ဝင့်ဆိုတဲ့ကလောင်နာမည်နဲ့ ဗိုလ်တထောင်သတင်းစာမှာ နိုင်ငံတကာရေးရာ ဆောင်းပါးတွေအပတ်စဉ်ရေးသားတဲ့ ဦးအုန်းကြိုင်က ရှုမြင်ပါတယ်။

"တခုတော့ရှိတာပေါ့ဗျာ၊ အခုလိုလာတဲ့ နေရာမှာ ကိုယ့်ဘက်က သံတမန်ရေးရာအခင်း အကျင်းတွေတော့ ကြိုလုပ်မှဖြစ်မယ်၊ အတွင်းရေးမှူးချုပ်ကြီးတယောက်လုံးလာပြီးတော့ ကျနော်တို့ လက်ချည်းဘဲပြန်ရရင်တော့ နာတာပေါ့ဗျာ၊ သဘောက အခုက အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်ပေါ့ဗျာ။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ဟိုဘက်က အဆုံးအဖြတ်ပေးနိုင်တဲ့ပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံဆွေးနွေးဘို့က အတော့်ကိုလိုအပ်နေတယ်ဗျာ။ ဗမာ ပြည်က နိုင်ငံရေးအရ ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်နေတယ်။ ပြည်သူလူထုလည်း အခက်အခဲတွေအမျိုးမျိုးကြုံနေတယ်။ အဲဒီအခက်အခဲကို ဖြေရှင်းနိုင်တဲ့ ရလဒ်မျိုးဖြစ်အောင် ကြိုးပမ်းပေးနိုင်တဲ့ ခရီးစဉ်သာဖြစ်မယ်ဆိုရင်တော့ အတိုင်းထက်အလွန်ပါ။ ကမ္ဘာကလည်း ကြိုဆိုမှာပါ။ ဗမာပြည်သူတရပ် လုံးကလည်း ကြိုဆိုမှာပါ။"

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မြန်မာနိုင်ငံကို လာရောက်မယ်ဆိုတာနဲ့ ပတ်သက်ပြီး NLD ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်ပြောသွားတာဖြစ်ပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်ကို စွဲချက်တင်လိုက်ပြီ

**DVB၊ မေ ၂၃။** ။ နိုဘယ်ငြိမ်းချမ်းရေးဆုရှင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဒီနေ့ အင်းစိန်ထောင်တွင်း အထူးတရားရုံးကနေ စွဲချက်တင်လိုက်ပြီ ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ဖောက်ဖျက်မှုနဲ့ ၁၈ ရက်နေ့က စတင် အမှုစစ်ဆေးခဲ့ပြီး ၅ ရက်အကြာမှာ ခုလိုစွဲချက်တင်လိုက်တာဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် အမှုကို နေ့ခင်း ၁၂ နာရီခွဲကနေ စတင်စစ် ဆေးခဲ့ပြီးနောက် တရားသူကြီးကနေ စွဲချက်တင်လိုက်တာဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည့်ရဲ့ ရှေ့နေ ဦးကြည်ဝင်းကပြောပါတယ်။

**ဒေါ်စုဏ် အင်းစိန် တတိယရုံး ချိန်း နိုင်ငံခြားသံရုံးများနဲ့ သတင်းဌာနများ ဝင်ခွင့်ပေး** — စာမျက်နှာ ၃

**တွေ့ဆုံဆွေးနွေးအဖြေရှာဘို့ အာဆီယံနဲ့ တရုတ်ကြေညာချက်ထုတ်ပြန်တိုက် တွန်း** — စာမျက်နှာ ၅

**စင်ကာပူ ရုရှားနဲ့ ထိုင်းသံအမတ်များ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်ရ** — စာမျက်နှာ ၇

**ဒေါ်အောင်ဆန်းစုကြည်ကို ရုံးထုတ်စစ်ဆေးသည့် ဒုတိယနေ့ အခြေအနေ** — စာမျက်နှာ ၁၀

**ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ပြည်သူများ တသားတည်းရှိ** — စာမျက်နှာ ၁၈

VOB အာဘော်

# စစ်အုပ်စုနားလည်သော စကားလုံး

မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျဉ်းချမှုသတ်မှတ်ချက်စည်းမျဉ်းများကိုချိုးဖောက်သည်ဟုဆိုကာ တရားရုံးတင်စစ်ဆေးမှု စတင်ခဲ့သည့် မေလ ၁၅ ရက်နေ့မှစတင်၍ နိုင်ငံတကာ၏ဖိအားပေးမှုများ မြင့်တက်လာကာ တဖြည်းဖြည်းနှင့် ပြင်းထန်များပြားလာသည်။ အမေရိကန် သမတ အိုဘားမားက မြန်မာစစ်အာဏာပိုင်များအပေါ် ပြစ်ဒဏ်ခတ်ထားသည့်အရေးယူချက်ကို နောက်ထပ်သက်တမ်းတနှစ်တိုးလိုက်သည်။ နိုင်ငံခြားရေးဝန်ကြီးကလင်တန်နှင့် အမေရိကန်လွှတ်တော်များက ဒေါ်စုအား ထောင်ချရန်တရားစွဲဆိုမှုအား ပြင်းပြင်းထန်ထန်ကန့်ကွက်ကာ အမြန်ဆုံးပြန်လွှတ်ပေးရေးကိုတောင်းဆိုသည်။ အလားတူပင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်းနှင့် လုံခြုံရေးကောင်စီတို့ကလည်း ဒေါ်စုနှင့် နိုင်ငံရေးအကျဉ်းသားများကို ပြန်လွှတ်ပေးရန်တောင်းဆိုသည်။ အီးယူကလည်း မြန်မာစစ်အာဏာပိုင်များအပေါ် ပြစ်ဒဏ်ခတ်မှုအသစ်များပြုလုပ်ရန်စဉ်းစားနေပေပြီ။ ထို့အတူ အာဆမ်အစည်းအဝေးတွင် မြန်မာ့အရေးကို ဆွေးနွေးမည်ဟု အီးယူက ဆိုထားသည်။ တောင်အာဖရိက၊ တီမောစသည့် မြန်မာ့အရေးနှင့်ပတ်သက်၍ ချဉ်းကပ်ပုံမတူကြသည့်နိုင်ငံများပင် ဒေါ်စုကိုဖမ်းဆီးထောင်ချရန် ကြိုးပမ်းသည့် နအဖစစ်အာဏာရှင်လုပ်ရပ်ကို ဆန့်ကျင်ကြသည်။ အာဆီယံကလည်း အရေးပေါ်ကြေညာချက်ထုတ်ပြန်ပြီး ဒေါ်စုကိုလွှတ်ပေးရန် စစ်အာဏာရှင်များကို တိုက်တွန်းသည်၊ နအဖ၏အကျိုးနှင့် သိက္ခာအတွက်ဟု ပါးနပ်စွာ အကြောင်းပြခဲ့သည်။ နိုဘဲလ်ဆုရှင်များ၊ နိုဘဲလ်ကော်မတီတို့ကလည်း ဒေါ်စုကိုလွှတ်ပေးရေးတောင်းဆိုကြသည်။

နိုင်ငံတကာအသိုင်းအဝိုင်းသည် မည်သည့်အချိန်အခါမျိုးတုန်းကမှ ဒေါ်စုကိုလွှတ်ပေးရေးအတွက် ယခုကဲ့သို့ ပြင်းပြင်းထန်ထန်နှင့် တပြိုင်နက်တည်း တခဲနက်တောင်းဆိုလုပ်ကိုင်ခဲ့ကြခြင်း မရှိပေ။ ယခုတကြိမ်သည် ပထမဦးဆုံးဖြစ်သည်။ ထိုအတွက် အကျိုးသက်ရောက်မှုမှာ သိသာလှသည်။ ဒေါ်အောင်ဆန်းစုကြည်အား သံတမန်တချို့၊ သတင်းသမားတချို့နှင့် တွေ့ဆုံခွင့်ပေးခဲ့သည်။

နအဖစစ်အာဏာရှင်များသည် မြန်မာတနိုင်ငံလုံးအား တင်းကျပ်စွာချယ်လှယ်ချုပ်ကိုင်အုပ်ချုပ်နိုင်သည်မှာ မည်သူမျှမငြင်းနိုင်သည့်အချက်ဖြစ်သော်လည်း ၎င်းတွင် နိုင်ငံရေးအင်အား၊ နိုင်ငံရေးစွမ်းအားမရှိပေ။ ဒေါ်အောင်ဆန်းစုကြည်၏နိုင်ငံရေးစွမ်းအားနှင့်အရည်အချင်းကို ကြောက်ရွံ့သည်။ ထို့ကြောင့် သူမအား နေအိမ်အကျဉ်းချသက်တမ်းကုန်ခါနီးတွင် ဆက်လက်ဖမ်းချုပ်နိုင်ရေးအတွက် ကြိုးပမ်းခြင်းဖြစ်သည်၊ နိုင်ငံတကာအသိုင်းအဝိုင်းအလယ်တွင်လည်း လူ့အခွင့်အရေးချိုးဖောက်မှု၊ ဒီမိုကရေစီအင်အားစုများကိုနှိပ်ကွပ်မှု၊ စစ်မှန်သည့်ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးများကို ဖော်ဆောင်ရန်တုံ့နှေးနေမှုများအတွက် ပြစ်တင်ခံနေရသည်၊ ပြစ်ဒဏ်ခတ်ခံနေရသည်။ ထို့ကြောင့် နအဖတွင် နိုင်ငံရေးအရှိန်အဝါ နိုင်ငံရေးစွမ်းအားမရှိပေ၊ သို့သော် တရုတ်၊ အိန္ဒိယကဲ့သို့သော မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် ဒေသဆိုင်ရာနိုင်ငံရေးကို အလေးပေးသော နိုင်ငံများပင် ယခုတကြိမ်တွင် ရေငုံနှုတ်ပိတ်နေကြသည်။

ယခုလိုအခြေအနေမျိုးတွင် နိုင်ငံတကာအသိုင်းအဝိုင်းသာမက ပြည်ပရောက်ဒီမိုကရေစီအင်အားစုများ၊ ပြည်တွင်းဒီမိုကရေစီအင်အားစုများသည် အခြေအနေအစစ်အမှန်ကို သေချာစွာတွက်ဆ၍ နအဖစစ်အာဏာရှင်များအပေါ် ပြတ်သားထိရောက်သည့်ဖိအားပေးမှုများကိုမည်သို့ပေးနိုင်မည်၊ ထိုအတွက် မည်သို့သော အခြေအနေများလိုအပ်သည်၊ ထိုအခြေအနေများကို မည်သို့ဖန်တီးမည် စသည့်လုပ်ငန်းစဉ်များကို အမြန်ဆုံးချမှတ်ကာ စဉ်ဆက်မပြတ်အကောင်အထည်ဖော်နိုင်ရေးသည်အရေးကြီးသည့်အခြေအနေဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေးအရဖိအားပေးမှုများကို ပြင်းပြင်းထန်ထန်နှင့် ထိထိရောက် ရောက်ဖိအားပေးနိုင်လျှင် ဒေါ်စုနှင့် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးမှာ အချိန်တိုအတွင်းဖြစ်လာနိုင်သည်ဟု ရေးသားလိုက်ရပေသည်။

---

# ဒေါ်စုကို တီဗွီမှာ မြင်တွေ့ရ၍ တိုင်းသူပြည်သားများစိတ်ချမ်းသာရ

**NEJ၊ မေလ ၂၁။** ။ ဒေါ်အောင်ဆန်းစုကြည်ကို ရုပ်မြင်သံကြားက ထုတ်လွှင့်ပေးသည့်အတွက် ရန်ကုန်မြို့ခံများက အတိုင်းထက်အလွန် ကျေနပ်လျက်ရှိကြောင်း သိရပါတယ်။

ပြည်တွင်းမှဂီတစာဆိုတဦးက “တည်ကြည်လိုက်တဲ့ရုပ်ရည်၊ ကြည်လင်လိုက်တဲ့ မျက်နှာဗျာ၊ ဒီ အမျိုးသမီးက သူ့စိတ်ထဲမှာ ဥပက္ခာတရားတွေ နှလုံးသွင်းထားပုံပေါ်တယ်။ ပြီးတော့ ဒီစစ်အစိုးရကို လုံးဝမတုန်လှုပ်ဘူးဆိုတဲ့ ပုံပေါ်တယ်။ သူ့ကို အခုအချိန်မှာ ရုပ်မြင်သံကြားပြသလို့ လူတွေရဲ့စိတ်ထဲမှာ ကြည်လင်အေးမြမှု တခုရတယ်ဗျ။” လို့ပြောပါတယ်။

YCDC (ရန်ကုန်စည်ပင်) ၏ အငြိမ်းစားဗိုလ်မှူးတဦးကလည်း ဒေါ်အောင်ဆန်းစုကြည်ကို ၁၀ နှစ်ကျော်မတွေ့မမြင်ခဲ့ရဘဲ ယခုကဲ့သို့ရုပ်မြင်သံကြားပေါ်မှာ တွေ့လိုက်ရတဲ့အတွက် အတိုင်းထက်အလွန် ဝမ်းသာကြည်နူးမိကြောင်း ပြောပါတယ်။ “သူ့ကို အစိုးရက အခုလိုထားလေလေ သူက ပါဝါတွေတက်လာလေပါဘဲ။ သူ့ကိုကြည့်ရတာ အဲန်ကယ်တို့စိတ်ထဲမှာ ချမ်းမြေ့တယ်။ ဒါပေမယ့် အခုလိုနေရတာမျိုးတော့ မဖြစ်စေချင်ဘူး။ စစ်အစိုးရဝန်ထမ်းတဦးဆိုပေမယ့် ဒေါ်အောင်ဆန်းစုကြည်အပေါ် ဂရုဏာရှိပြီးသားပါ။” လို့ ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို ယခုကဲ့သို့(ယက်တော အိမ်ထဲဝင်ရောက်မှု) တရားခံလို့ စွပ်စွဲသုံးနှုန်းစစ်ဆေးတာကို မကျေနပ်ကြကြောင်း၊ သို့သော် ပြောမိပါကလည်း ၎င်းတို့၏စားဝတ်နေရေးအတွက် အလုပ်ပြုတ်သွားမည်ကို စိုးရိမ်ကြကြောင်း အစိုးရဝန်ထမ်းများကလည်း ပြောကြပါတယ်။ တောင်ဥက္ကလာပမြို့နယ်မှာ နေထိုင်တဲ့ဆက်သွယ်ရေးအရာရှိတဦးက “ဘယ်သူ့ကိုဖြစ်ဖြစ်မေးလိုက်ပါ၊ ဘယ်သူကမှမကျေနပ်ကြဘူး။ ဒီကြားထဲ ရဲကားတွေကမြို့ထဲမှာ အင်အားပြနေသေးတယ်။ ရှင်းရှင်းလင်းလင်းပြောမယ်ဗျာ၊ ဘယ်သူမှသူတို့ကိုမလိုလားဘူး။ ဒေါ်အောင်ဆန်းစုကြည်ကိစ္စမှာ ပိုဆိုးသွားတယ်။” လို့ပြောပါတယ်။

ရန်ကုန်အခြေစိုက် ပြည်တွင်းသတင်းဂျာနယ်တစောင်၏ အယ်ဒီတာတဦးကလည်း ယခုကဲ့သို့ စစ်အစိုးရရဲ့လုပ်ရပ်အပေါ် စာပေစာနယ်ဇင်းသမားအတော်များများက မနှစ်သက်ကြကြောင်းထုတ်ဖော်ပြောဆိုပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်ခြံဝင်းအတွင်း အမေရိကန်နိုင်ငံသား ရေကူးဝင်ရောက်မှုနဲ့ပတ်သက်ပြီး အင်းစိန်အထူးတရားရုံးမှာ မေ ၁၀ ရက်နေ့မှစတင်၍ အမှုစစ်ဆေးကြားနာခဲ့ပါတယ်။ တတိယနေ့ဖြစ်တဲ့ ယမန်နေ့တွင် နိုင်ငံခြားသံတမန် ၂၉ ဦးနဲ့ ပြည်တွင်း ပြည်ပသတင်းနှင့်စာနယ်ဇင်းများမှ သတင်းထောက် ၁၀ ဦးတို့ကို တရားခွင်သို့လာရောက်ခွင့်ပြုခဲ့ပါတယ်။ စင်္ကာပူသမတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနဲ့ ထိုင်းတို့မှ သံတမန်များနှင့် ဒေါ်အောင်ဆန်းစုကြည်တွေ့ဆုံသည့်သတင်းကို ယမန်နေ့ည ၈ နာရီ တွင် စစ်အစိုးရရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့ပါတယ်။

ယနေ့ မေလ ၂၁ ရက်နေ့ထုတ် နအဖသတင်းစာများတွင်လည်း အလားတူ သံတမန်များနှင့် ဒေါ်အောင်ဆန်းစုကြည် အင်းစိန်အကျဉ်းထောင် အထူးတရားရုံးတွင် တွေ့ဆုံသောသတင်းကို ဖော်ပြထားပါတယ်။

# ဒေါ်စု၏ အင်းစိန် တတိယရုံးချိန်း နိုင်ငံခြားသံရုံးများနဲ့သတင်းဌာနများ ဝင်ခွင့်ပေး

**DVB၊ မေ ၂၀။ ။** ဒေါ်အောင်ဆန်းစုကြည်ရဲ့အမှု ဒီနေ့ တတိအကြိမ်ကြားနာမှုမှာ နိုင်ငံခြားသံရုံးတွေ၊ နိုင်ငံခြားသတင်းဌာနတွေနဲ့ ပြည်တွင်းသတင်းဌာနတွေကို ဝင်ရောက်ခွင့်ပေးခဲ့ပြီး မနက်ဖြန် ၁၀ နာရီမှာ ရုံးချိန်းထပ်ချိန်းတယ်လို့ သိရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ တတိယနေ့ရုံးချိန်မှာ တရားလိုပြသက်သေ ၂၂ ဦး ထဲက ဗဟန်းမြို့နယ် ဒုရဲမှူးကြီး စကျော်ဝင်းနဲ့ ဗဟန်းမြို့နယ်မှူး တင်ဇော်ထွန်းတို့ကို စစ်ဆေးခဲ့တယ်လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဥပဒေအကျိုးဆောင် ရှေ့နေဦးညဏ်ဝင်း ကပြောပါတယ်။ ဒီနေ့ တရားခွင် အခြေအနေနဲ့ပတ်သက်ပြီး ရှေ့နေဦးညဏ်ဝင်းက ပြောပါတယ်။

"ဒီနေ့ သက်သေ ၂ ဦးစစ်တယ်။ မနက်ပိုင်းတဦး၊ ညနေပိုင်းတဦး။ နှစ်ဦးစလုံး ရဲအရာရှိတွေပါပဲ၊ မနက်ပိုင်းစစ်တဲ့ပုဂ္ဂိုလ်က မစ္စတာယတ်တောတည်းခဲ့တဲ့ ဟိုတယ်က မစ္စတာယတ်တောပစ္စည်းတွေကို သိမ်းဆည်းတဲ့ ရဲအရာရှိ။ (ညနေပိုင်းစစ်တဲ့ ရဲအရာရှိက ဗဟန်းမြို့နယ် မြို့နယ်မှူး။ သူက ဒေါ်အောင်ဆန်းစုကြည်အိမ်မှာ ၇ ရက်နေ့ သွားရောက်ပြီးတော့ မစ္စတာယတ်တော ကျန်ခဲ့တဲ့ ပစ္စည်းတွေကိုသွားရောက်သိမ်းဆည်းတဲ့ ပုဂ္ဂိုလ်။) ဒီနေ့ နေ့ခင်းပိုင်း ၁၂ နာရီခွဲလောက်ကျတော့ ရန်ကုန်မြို့မှာရှိတဲ့ သံရုံးအသီးသီးက သံအမတ်ကြီးတွေ၊ သံမှူးတွေ တရုံးကို တယောက်စီလောက် အားလုံးအယောက် ၃၀ လောက် အစိုးရခွင့်ပြုချက်နဲ့ ဒီကုတ်ကို ရောက်လာကြတယ်။ ပြည်တွင်းသတင်းထောက် ၅ ဦး၊ နိုင်ငံခြားသတင်းဌာနက ၅ ဦး ဝင်ခွင့်ရခဲ့ကြတယ်။ ဒေါ်အောင်ဆန်းစုကြည် အနေနဲ့တော့ သံမှူးတွေကို တဦးချင်းနှုတ်ဆက်ခွင့်တော့မရဘူး၊ ခွင့်ပြုချက်တောင်းထားတာ မရသေးဘူး။ တယောက်ချင်း နှုတ်မဆက်နိုင်တာကို နားလည်ပေးဖို့နဲ့ ကျေးဇူးတင်ကြောင်း ပြောပါတယ်။"

ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်အတွင်း မစ္စတာယတ်တော ကျန်ရစ်ခဲ့တဲ့ပစ္စည်းတွေနဲ့ ပတ်သက်လို့ တရားခွင်က ထူးခြားမှုတခုကိုလည်း ဦးညဏ်ဝင်းက ပြောပါတယ်။

"ခရစ်ယာန်ကျမ်းနဲ့ဆိုင်တဲ့ စာအုပ်တွေ၊ အဝတ်အစားနည်းနည်းပါတယ်ထင်တယ်။ အသေးစိတ်တော့ မမှတ်မိဘူး။ စာရင်းက အများကြီးပဲ။ ထူးထူးခြားခြားက အစ္စလာမ် အမျိုးသမီးတွေဝတ်တဲ့ ဝတ်ရုံနဲ့၊ ခေါင်းခြုံတဲ့ဟာ ၂ ခု ပါနေတယ်။ ရေကူးရင် နပူးစည်းနဲ့သုံးတဲ့ ဓာတ်မီးပါတယ်။ တခုက အစ္စလာမ်ဝတ်ရုံနှစ်စုံကို အမျိုးသမီးရဲမေကို ဝတ်ခိုင်းပြီး နမူနာလုပ်ပြတယ်။ လုပ်ပြတော့ မစ္စတာယတ်တောက ထပြီး ကန့်ကွက်တယ်။ မပြည့်စုံဘူးတဲ့၊ မျက်မှန်ပါ ပါရမယ်တဲ့။ အဲတော့မှ မျက်မှန်သွားယူပြီး တပ်ပြတယ်။ သူက ဘာသာရေးစာအုပ်နဲ့ မွတ်ဆလင်ဝတ်စုံနဲ့ ဘယ်လိုမှလည်း ဆက်စပ်လို့မရဘူး။ အမှန်အတိုင်းပြောရင် ကျနော်တို့လည်း သိပ်နားမလည်သေးဘူး။ ဒါပေမယ့် ဒေါ်အောင်ဆန်းစုကြည်နဲ့တော့ ဘာမှမသက်ဆိုင်ဘူးလို့ ပြောချင်တယ်။"

ဒီနေ့ တရားခွင်ကို နိုင်ငံခြားသံရုံး ကိုယ်စားလှယ်တွေနဲ့သတင်းထောက်တွေကိုဝင်ခွင့်ပေးတာ ကောင်းတဲ့လက္ခဏာဖြစ်ပေမယ့် ဒီလို အခွင့်အရေးမျိုး ပြည်သူလူထုကိုလည်း ပေးသင့်တယ်လို့ ဦးညဏ်ဝင်းက ပြောပါတယ်၊ ဒီအမှုကို အင်းစိန်ထောင်တွင်း အထူးတရားရုံးမှာ စစ်ဆေးခဲ့တာဖြစ်ပြီး မြောက်ပိုင်းခရိုင် တရားသူကြီး ဦးသောင်းညွန့်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ပြီး တရားစွဲဆိုခံထားရတဲ့ ဒေါ်အောင်ဆန်းစုကြည်၊ သူနဲ့အတူ နေထိုင်သူတွေဖြစ်တဲ့ ဒေါ်ခင်ခင်ဝင်းနဲ့သမီး မဝင်းမမ၊ ဒေါ်အောင်ဆန်းစုကြည်နေအိမ်ကို အင်းလျားကန်ကတဆင့် ရေကူးဝင်ရောက်ခဲ့တဲ့ အမေရိကန်နိုင်ငံသား မစ္စတာ ဂျွန်ဝီလီယံယတ်တောနဲ့ တရားလိုပြသက်သေတွေ တက်ရောက်ကြားနာရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ဖောက်ဖျက်မှုနဲ့ တရားစွဲဆိုထားပြီး အတူနေထိုင်သူ ဒေါ်ခင်ခင်ဝင်းနဲ့ သမီးမဝင်းမမတို့ကိုတော့ နေအိမ်အကျယ်ချုပ် ဖောက်ဖျက်မှုကို အားပေးကူညီမှုနဲ့ တရားစွဲဆိုတာဖြစ်ပါတယ်၊ ဒေါ်အောင်ဆန်းစုကြည်တို့ ၃ ဦးအမှုကိုတော့ အဖွဲ့ချုပ်ရှေ့နေ ဦးကြည်ဝင်း၊ ဦးညဏ်ဝင်း၊ ဦးလှမျိုးမြင့်နဲ့ ဒေါ်ခင်ဌေးကြွယ်တို့က လိုက်ပါဆောင်ရွက်ပေးတာဖြစ်ပါတယ်။ မစ္စတာ ဂျွန်ဝီလီယံယက်ထောကိုတော့ စည်ပင်သာယာ ဥပဒေ၊ လူဝင်မှုကြီးကြပ်ရေး ဥပဒေနဲ့ နေအိမ်အကျယ်ချုပ်ကို ဖောက်ဖျက်အောင် အားပေးကူညီမှုစတဲ့ အမှု ၃ ခုနဲ့တရားစွဲဆိုထားပြီး အထက်တန်းရှေ့နေ ဦးခင်မောင်ဦးက အကျိုးဆောင်ပေးနေတာပါ။

ဒီနေ့မှာ နိုင်ငံခြားသံရုံးက ကိုယ်စားလှယ်တွေအပါအဝင် နိုင်ငံခြားသတင်းဌာန ၅ ခုနဲ့ ပြည်တွင်းဂျာနယ် ၅ ခုက သတင်းထောက် ၁၀ ဦးကို ဝင်ခွင့်ပေးခဲ့ပေမယ့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေနဲ့ ပြည်သူတွေ ဝင်ရောက်လေ့လာခွင့် မရခဲ့ပါဘူး၊ ခုလိုနိုင်ငံခြားသံရုံး ကိုယ်စားလှယ်တွေနဲ့ သတင်းထောက်တွေ ဝင်ခွင့်ရတဲ့အပေါ် အဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင် ကော်မတီဝင် ဦးဝင်းတင်က...

"သံတမန်တွေကို ခေါ်ပြတာ ဒီနေ့တရက်တည်းပဲလို့ ကျနော်ထင်တယ်။ သတင်းထောက်တွေကိစ္စတော့ ကျနော်မသိဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ ထုံးစံက လက်နက်ချပွဲလုပ်တယ်တို့၊ ဘိန်းစိုက်ခင်းတွေ ဘိန်းစက်ရုံတွေဖျက်ဆီးတယ်တို့ဆိုတဲ့ အခါမျိုးမှာ သံတမန်တွေကိုလိုက်ပြသလို ဒေါ်အောင်ဆန်းစုကြည်ကို ရုံးတင်စစ်ဆေးနေတယ်၊ အဲဒါကို နိုင်ငံခြားသားတွေ မြင်ရအောင်လိုက်ပြတဲ့ သဘောပဲဖြစ်ဖို့များတယ်။ ဒါဟာ အများပြည်သူ နားထောင်နိုင်တဲ့တရားခွင် မဟုတ်ဘူးလို့ ကျနော်ထင်တယ်"။

---

# ဗဟန်းနှင့်ရန်ကင်းမှအိမ်ထောင်စုများရွှေ့ပြောင်းခံရ

**NEJ၊ မေလ ၂၂။ ။** ဗဟန်းနှင့်ရန်ကင်းမြို့နယ်တို့မှ အိမ်ထောင်စုများကို သက်ဆိုင်ရာအာဏာပိုင်များက ရွှေပြည်သာမြို့နယ်အတွင်းသို့ ရွှေ့ပြောင်းခိုင်းခဲ့ကြောင်း ရွှေ့ပြောင်းခံရသူတဦးက ပြောပါတယ်။

"ပြီးခဲ့တဲ့အပတ်ထဲမှာ ပြောင်းရွှေ့ခဲ့ကြရတာ၊ ကျူးကျော်တွေဆိုပြီး အကြောင်းပြတာဘဲ။ အဲဒီမှာနေလာကြတာကြာပါပြီ။"

ဗဟန်း မြို့နယ်မှအိမ်ထောင်စု ၇၂ စုနှင့် ရန်ကင်းမြို့နယ်မှအိမ်ထောင်စု ၃၄ စုကို ရွှေပြည် သာမြို့နယ် တ/၁၂ ရပ်ကွက်သို့ရွှေ့ပြောင်းစေခဲ့ခြင်းဖြစ်ပါတယ်။ ဖေဖော်ဝါရီလအတွင်းကလည်း အင်းစိန်အမှတ် ၃ သံမဏိစက်ရုံသို့ ကုန်ပစ္စည်းများသယ်ဆောင်ရေး ရထားလမ်းဖောက်လုပ်ရန်ဟုဆိုကာ အင်းစိန်ဖော့ကန်ရပ်ကွက်ရှိ အိမ်ထောင် စု ၄၀၀ ကျော်ကို ရွှေပြည်သာမြို့နယ်သို့ ပြောင်းရွှေ့ခဲ့ပါတယ်။

အင်းစိန်ဖော့ကန်မှ ပြောင်းရွှေ့ခဲ့ကြသူအချို့ ခြံဝင်းနှင့်အိမ်အစား ပြန်ရခဲ့ကြသော်လည်း အချို့မှာ မရခဲ့ကြသဖြင့် ယခုတိုင် လမ်းဘေးတွင်နေထိုင်နေကြရဆဲဖြစ်တယ်လို့ ရွှေ့ပြောင်းခံရသူတဦးကပြောပါတယ်။

"တချို့က လမ်းဘေးလယ် ကွင်းတွေထဲမှာ တဲထိုးနေနေကြရတုန်းဘဲ။ ဖော့ကန်ကပြောင်းလာတဲ့ ဦးတင်ဦးဆို တာ မြေကြီးပေါ်မှာဘဲ အိပ်စားနေရတော့ လေဖြတ်သွားပြီး ကလေးတွေအတွက် ကျောင်းကလည်း အဝေးကြီးသွားတက်နေကြရတာ။"

ယခုအခါ ရွှေ့ပြောင်းပေးခဲ့ကြရသော ဗဟန်းနှင့်ရန်ကင်းမြို့နယ်တို့မှ ရွှေ့ပြောင်းခဲအိမ်ထောင်စုများကိုမူ အိမ်လုံးဝဆောက်ပေးခြင်းမရှိဘဲ ပေ ၂၀၊ ပေ ၆၀ မြေကွက်များသာ အစားပြန်ပေးခဲ့ကြောင်းသိရပါတယ်။ အဆိုပါ ပြောင်းရွှေ့ခြင်းနှင့် စပ်လျဉ်း၍ ဗဟန်း မယက ရုံးသို့ဆက်သွယ်မေးမြန်းခဲ့သော်လည်း ဖုန်းကိုင်ဖြေကြားခြင်း မရှိပါ။

# တရုတ်–မြန်မာမူးယစ်ဆေးမှောင်ခိုလုပ်ငန်း(၁)

**ဦးအောင်ခင်**
**မျက်မှောက်ရေးရာသုံးသပ်ချက်**

မြန်မာပြည်ကမူးယစ်ဆေးတွေ တရုတ်ဈေးကွက်ရောက်သွားပုံအကြောင်း အမေရိကန်အခြေစိုက် တရုတ်ပညာရှင် ၂ ဦးက ၂၀၀၇ ခုနှစ်မှာ အမေရိကန်တရားရေးဌာနကို အစီရင်ခံစာတစောင်တင်သွင်းပါတယ်။

စာမျက်မှာ ၁၀၀ ကျော်ရှိတဲ့ ဒီအစီရင်ခံစာကို ဒီအပတ်ကစပြီး စာအုပ်စင်ကဏ္ဍမှာ အပိုင်း ၆ ပိုင်းခွဲပြီးတင်ပြပါမယ်။ New Jersey ပြည်နယ် Rutgers တက္ကသိုလ် ရာဇဝတ်ဥပဒေဌာနက 'ကိုလင်စင်း' နဲ့ San Diego တက္ကသိုလ်လူမှုရေးပညာဌာနက ရှယ်လ်ဒန်ဂျန်း တို့ပူးတွဲရေးသားထားတာဖြစ်ပါတယ်။ ဒီအစီရင်ခံစာကို ကွန်ပြူတာအင်တာနက်ပေါ်မှာတင်ထားတာကြောင့် ဖတ်ရှုလေ့လာပြီးတင်ပြလိုက်တာပါဘဲ။ အမေရိကန်တရားရေးဌာနက ပုံနှိပ်ထုတ်ဝေတဲ့စာအုပ်မဟုတ်ပါဘူး။

တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်မှာ ၂ နှစ်ကွင်းဆင်းလေ့လာပြီး တရုတ်–မြန်မာနယ်စပ် မူးယစ်ဆေးလုပ်ငန်းကို စနစ်တကျလေ့လာဆန်းစစ်ပြီး ရေးသားထားတဲ့စာတမ်းဖြစ်ပါတယ်။ ထောင်ကျနေတဲ့ မူးယစ်ဆေးမှောင်ခို၊ ဆေးသမား၊ လက်လီရောင်းသူ၊ မူးယစ်ဆေးနှိမ်နင်းရေးအရာရှိ စတဲ့လူမျိုးစုံကို တွေ့ဆုံမေးမြန်းပြီး ရေးသားထားတဲ့စာတမ်းပါဘဲ။ ပထမဆုံးတရုတ်ပြည်မှာထောင်ကျနေတဲ့ မူးယစ်ဆေးမှောင်ခိုတွေကို သွားရောက်တွေ့ဆုံပါတယ်။ ခွန်မင်အကျဉ်းထောင်မှာ အကျဉ်းသူ အကျဉ်းသား ငါးထောင်ကျော်ရှိတဲ့အနက် ၇၀ ရာခိုင်နှုန်းဟာ မူးယစ်ဆေးနဲ့ပတ်သက်ပြီး ထောင်ဒဏ်ကျခံနေရတာပါ။ အကျဉ်းသား ၃၀၀ နဲ့ အကျဉ်းသူ ၃၀၀ စုစုပေါင်း ၆၀၀ ကို မေးမြန်းစုံစမ်းနိုင်ခဲ့တယ်လို့ဆိုပါတယ်။ ဘေဂျင်း၊ ခွန့်မင်နဲ့တရုတ်–မြန်မာနယ်စပ်က မူးယစ်ဆေးနှိမ်နင်းရေးအမှုထမ်း ၈၀၊ ရန်ကုန် ဘန်ကောက် နဲ့ ဟောင်ကောင်က မူးယစ်ဆေးအမှုထမ်း ၂၀ ကိုလည်း တွေ့ဆုံမေးမြန်းခွင့်ရရှိခဲ့ပါတယ်တဲ့။

မူးယစ်ဆေးလုပ်ငန်းမှာပါဝင်သူကို တရုတ်အစိုးရကအပြစ်ကြီးလေးစွာပေးတာကြောင့် လက်လီရောင်းသူတွေကို တွေ့ဆုံမေးမြန်းဘို့အခက်အခဲရှိပေမယ့် အသိအကျွမ်းတွေကတဆင့် ငွေပေးပြီးစည်းရုံးနိုင်တဲ့အတွက် မူးယစ်ဆေးလက်လီရောင်းသူ ၄၀ ကိုတွေ့ဆုံမေးမြန်းနိုင်ခဲ့ပါတယ်။ ခွန့်မင်က ဘိန်းဖြူစားသုံးသူ ၃၀ နဲ့ 'ဝ'တပ်ဖွဲ့ကခေါင်းဆောင် ၁၂ ဦးကို တွေ့ဆုံမေးမြန်းနိုင်ခဲ့ပါတယ်တဲ့။ အကျဉ်းသား ၆၀၀ အပြင်လူ ၃၀၀ စုစုပေါင်း မူးယစ်ဆေးလုပ်ငန်းနဲ့ပတ်သက်သူ ၉၀၀ ကို တွေ့ဆုံမေးမြန်းပြီး မှတ်တမ်းယူနိုင်ခဲ့ပါတယ်။ တရုတ်ဘာသာနဲ့ထုတ်ဝေတဲ့ သတင်းစာ၊ အပတ်စဉ်စာစောင်၊ မှုခင်းမဂ္ဂဇင်းနဲ့ စာအုပ်စာတမ်းတွေကိုလည်း ဖတ်ရှုလေ့လာပါတယ်။

ပိုလ်ချုပ်နေဝင်းကြီးစိုးတဲ့ မဆလဆိုရှယ်လစ်ခေတ်မှာ ရှမ်းပြည်ကထွက်တဲ့ ဘိန်းဖြူကို ထိုင်းနိုင်ငံအရင်ပို့ပါတယ်။ အဲဒီကနေ ထိုင်းငါးဖမ်းလှေတွေကတဆင့် အမေရိကန်၊ ဥရောပနဲ့ ဩစတေးလီးယားအထိ ဘိန်းဖြူတင်ပို့ပါတယ်။ ဘိန်းဖြူမှောင်ခိုလုပ်ငန်းတခုလုံးကို ဟောင်ကောင်တရုတ်က ငွေကြေးထောက်ပံ့ပြီးစီမံခန့်ခွဲပါတယ်။ တရုတ်ပြည်မှာ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးတာဟာ နယ်စပ်ကုန်သွယ်ရေးကို တံခါးဖွင့်ပေးလိုက်သလိုဖြစ်နေပါတယ်။ နယ်စပ်ကုန်သွယ်ရေး တိုးတက်ဖွံ့ဖြိုးလာတာနဲ့အတူ နယ်စပ်မူးယစ်ဆေးမှောင်ခိုလုပ်ငန်းလည်း ရှင်သန်လာပါတယ်။ ၁၉၈၆ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့က ယူနန်ပြည်နယ်မှာ ဘိန်းဖြူကီလို ၂၀ ဖမ်းမိတဲ့သတင်းဟာ ကွန်မြူနစ်တရုတ်ပြည်ရဲ့ ပထမဆုံးသော မူးယစ်ဆေးသတင်းဖြစ်ပါတယ်တဲ့။ ထိုင်းနဲ့ဟောင်ကောင်ဘိန်းမှောင်ခိုတွေရဲ့ လက်ချက်ပါဘဲ။

ဗမာစစ်အစိုးရနဲ့ 'ဝ' လက်နက်ကိုင်တွေ အပစ်အခတ်ရပ်စဲလိုက်တဲ့နောက်ပိုင်းမှာ ရှမ်းပြည်ကဘိန်းဖြူတွေ တရုတ်ပြည်နေရာအနှံ့အပြား ရောက်ရှိသွားပါတော့တယ်။ တရုတ်–ဗီယက်နမ်နယ်စပ်အနီးက ပင်ယွမ်းဆိုတဲ့မှတ်ဆလင်မြို့လေးမှာ ဘိန်းမှောင်ခိုတွေအလွန်အားကောင်းတဲ့အတွက် ၁၉၉၂ ခုနှစ်မှာ တရုတ်စစ်တပ်အကူအညီယူပြီး နှိမ်နင်းရတဲ့အထိအခြေအနေဆိုးဝါးသွားပါတယ်။ ၁၉၉၄ မေလမှာ ကိုးကန့်တရုတ်'ရန်မော်ဆင်'အဖမ်းခံရပြီး သေဒဏ်ကျခံသွားရပါတယ်။

ဒီပုဂ္ဂိုလ်ဟာ ကိုးကန့်ခေါင်းဆောင်တဦးဖြစ်တဲ့ ရန်မော်လင်နဲ့ညီအကိုဖြစ်ပါတယ်။ နောက် တနှစ်လောက်ကြာတော့ နာမည်ကြီးဘိန်းမှောင်ခို ကိုးကန့်တရုတ် လီဂိုတင်းကို ယူနန်အာဏာပိုင်တွေကဖမ်းဆီးပြီး သေဒဏ်ပေးလိုက်ပါတယ်။ ဒီလိုအပြင်းအထန် အရေးယူနေတဲ့ကြားက တရုတ်ပြည်ကိုဖြတ်ပြီး မူးယစ်ဆေးသယ်ဆောင်တာကို လူကြိုက်များလာပုံရပါတယ်။ ၁၉၉၆ မတ်လမှာ ဟောင်ကောင်နဲ့ဆက်နေတဲ့ ဂွမ်တုံပြန်နယ်မှာ မြန်မာ့ဘိန်းဖြူကီလို ၂၀၀ ကျော်ဖမ်းဆီးရမိသွားပါတယ်။

၁၉၈၁ က ၁၉၈၇ အထိ ၇ နှစ်အတွင်း ဘိန်းဖြူတန်ချိန် ၃၀ ၊ ဘိန်းစိမ်း ၁၅ တန်နဲ့ မူးယစ်ဆေးရောင်းဝယ်သူ ၅ သိန်းကျော်ကို တရုတ်ပြည်မှာဖမ်းဆီးနိုင်ခဲ့ပါတယ်။ ဒါကိုကြည့်ရင် တရုတ်ပြည်ဟာ မူးယစ်ဆေးသယ်ယူပို့ဆောင်တဲ့လမ်းကြောင်းတင်မကတော့ဘဲ မူးယစ်ဆေးစားသုံးတဲ့ဈေးကွက်ဖြစ်လာတာထင်ရှားပါတယ်။ တရုတ်အစိုးရစာရင်းဇယားအရ ၁၉၉၁ မှာ မှတ်ပုံတင်ဆေးစွဲသူ တသိန်းခွဲရှိပြီး နောက် ၁၀ နှစ်ကြာတဲ့အခါမှာ ၉ သိန်းအထိတိုးပွားလာပါတယ်။ ၁၉၉၆ မှာ ဘိန်းဘုရင်ခွန်ဆာ ဗမာအစိုးရနဲ့ပူးပေါင်းလိုက်တဲ့နောက်ပိုင်း ထိုင်းကတဆင့် မူးယစ်ဆေးတင်ပို့ရတာခက်ခဲလာတဲ့အတွက် တရုတ်ပြည်လမ်းကြောင်းဟာ ပိုပြီးအရေးပါလာပါတယ်။

တောင်ပိုင်းပြည်နယ်တွေဖြစ်တဲ့ ယူနန်၊ ကွေ့ကျောင် Guizou ၊ ဂွမ့်ရှိ Guangxi ၊ ဂွမ်တုံ Guangdong စတဲ့နယ်တွေဟာ ဘိန်းဖြူသယ်ယူပို့ဆောင်ရာလမ်းကြောင်းတွေဖြစ်လာပါတယ်။ တရုတ်ယွမ်ငွေဟာ ဗမာ ကျပ်၊ ထိုင်း ဘတ်ထက်ပိုပြီးအသုံးဝင်တာကိုလည်း ဘိန်းမှောင်ခိုတွေသဘောပေါက်လာပါတယ်။ တရုတ်ပြည်လမ်းကြောင်းကို အသုံးပြုရတဲ့တခြားအကြောင်းရင်းတခုက မူးယစ်ဆေးမှောင်ခိုအများစုဟာ တရုတ်လူမျိုးတွေဖြစ်နေလို့ပါဘဲ။ တရုတ်ဘိန်းမှောင်ခိုဟာ ဘာသာစကားယဉ်းကျေးမှုတူတဲ့ တရုတ်လမ်းကြောင်းကိုပိုကြိုက်တာ သဘာဝကျပါတယ်။

ဒါပေမယ့် တရုတ်လမ်းကြောင်းကိုချည်းအားကိုးနေလို့ ဒီလမ်းကြောင်းပိတ်သွားရင် လမ်းသစ်ရှာရမှာကို ဘိန်းမှောင်ခိုတွေသဘောပေါက်တဲ့အတွက် ထိုင်းလမ်းကြောင်းလည်းအသုံးပြုပါတယ်။ ဥပမာ ၂၀၀၁ ခုနှစ်က ဗမာစစ်တပ်နဲ့ထိုင်းနယ်ခြားစောင့်တပ်တို့ ပစ်ကြခတ်ကြတာကိုအကြောင်းပြုပြီး ဗမာစစ်အစိုးရက နယ်စပ်ဂိတ်တွေအားလုံး ပိတ်ပြစ်လိုက်ပါတယ်။ အဲဒါကြောင့် တရုတ်ပြည်မှာမူးယစ်ဆေးမှောင်ခိုလမ်းကြောင်းသစ်ဖွင့်ဘို့ စိတ်ထက်သန်လာကြတာဖြစ်ပါတယ်။

တရုတ်လမ်းကြောင်းအသုံးပြုတာများလာတာနဲ့အတူ တရုတ်အစိုးရက ဖမ်းဆီးပြီး သေဒဏ်ပေးတာတွေလည်းများပြားလာပါတယ်။ ၂၀၀၁ ဧပြီလ ၂၀ ရက်နေ့မှာ ဘိန်းဖြူကီလို ၅၀၀ ယူနန်ကိုသွင်းလာတဲ့ ဘိန်းမှောင်ခို ၂ ဦးကို ယူနန်ရဲကဖမ်းဆီးလိုက်ပါတယ်။ တချိန်တည်းမှာဘဲ မူဆည်အခြေစိုက် ဘိန်းမှောင်ခို တန်ရှောင်လင်းကို ဗမာအစိုးရကဖမ်းပြီး တရုတ်လက်ကိုအပ်လိုက်ပါတယ်။ နောက် ၆ လလောက်ကြာတော့ ဂွန်ကျောင်နဲ့ဟောင်ကောင်ကိုသွားမယ့် သစ်ကားပေါ်မှာ ဘိန်းဖြူကီလို ၆၀၀ ဖမ်းဆီးရမိပြန်ပါတယ်။ တရုတ်ပြည်ကို ဘိန်းဖြူကီလို ၅၀၀ ကျော်တင်သွင်းတယ်လို့ နာမည်ဆိုးထွက်နေတဲ့ ကိုးကန့်ဘိန်းမှောင်ခို လူမင်းကို ဗမာစစ်တပ်က ပစ်သတ်လိုက်ပါတယ်။

ဘိန်းမှောင်ခိုလုပ်ငန်းမှာပါဝင်သူတွေကို တရုတ်အစိုးရက မကြာခဏသေဒဏ်ပေးနေတာတောင် မူးယစ်ဆေးသယ်ယူပို့ဆောင်ပေးမယ့် ကယ်ရီဦးရေတိုးပွားနေပါတယ်။ ၁၉၉၀ ပြည့်လွန် နှောင်းပိုင်း တရုတ်ပြည်မှာ ဖမ်းဆီးရမိတဲ့ဘိန်းဖြူ ၈၀ ရာခိုင်နှုန်းနဲ့ ဘိန်းစိမ်း ၇၀ ရာခိုင်နှုန်းကို ယူနန်နယ်မှာတွေ့ရှိတာဖြစ်ကြောင်း သိရပါတယ်။

**ရှေ့အပတ်မှာ မူးယစ်ဆေးလမ်းကြောင်းကို တင်ပြပါမယ်ခင်ဗျား...**

# တွေ့ဆုံဆွေးနွေးအဖြေရှာဖို့အာဆီယံနဲ့တရုတ် ကြေညာချက်ထုတ်ပြန်တိုက်တွန်း

**VOA ၊ မေလ ၁၉ ။** ။ မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေး တည် ဆောက်နိုင်အောင် တွေ့ဆုံဆွေးနွေးအဖြေရှာဖို့ တရုတ်နိုင်ငံက စစ်အုပ်စုကို တိုက်တွန်းလိုက်ပါတယ်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်အကျဉ်းထောင်မှာချုပ်နှောင်ပြီး တရားစွဲဆိုနေတဲ့အချိန်မှာ တရုတ်ဘက်ကသဘောထားထုတ်ပြန်ပြောဆိုလိုက်တာပါ။ အာဆီယံ အရှေ့တောင်အာရှနိုင်ငံတွေကတော့ တာဝန်သိတဲ့အဖွဲ့ဝင်နိုင်ငံတခုအနေနဲ့ လူ့အခွင့်အရေးကိုလေးစားလိုက်နာဖို့ စစ်အုပ်စုကို တိုက်တွန်းနေပါတယ်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို စစ်အစိုးရက အကျဉ်းချပြီး တရားစွဲနေတာနဲ့ပတ်သက်လို့ နိုင်ငံတကာအသိုင်းအဝန်းရဲ့ စစ်အစိုးရအပေါ် ရှုတ်ချပြောဆိုနေတာတွေ ကြားနေရတဲ့အချိန် တရုတ်နိုင်ငံကလည်း သူ့သဘောထားကို ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ ဒါပေမယ့်လည်း မြန်မာနိုင်ငံရဲ့အရေးကိစ္စဟာ မြန်မာ့ပြည်တွင်းရေးသာဖြစ်တယ်ဆိုတဲ့ ရပ်တည်ချက်ကတော့ ထပ်ပြီးအခိုင်အမာပြောသွားတာတွေ့ရပါတယ်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Ma Zhaoxu က မေလ ၁၉ ရက် ဒီနေ့ကျင်းပတဲ့သတင်းစာရှင်းလင်းပွဲမှာ အခုလိုပြောဆိုလိုက်တာပါ။ “မြန်မာနိုင်ငံရဲ့အရေးကိစ္စကို မြန်မာပြည်သူတွေကသာ ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတခုအနေနဲ့ မြန်မာနိုင်ငံအတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေး တည်ငြိမ်ရေးနဲ့ဖွံ့ဖြိုးရေးကို တွေ့ဆုံဆွေးနွေးအဖြေရှာပြီး တည်ဆောက်နိုင်မယ်လို့ မျှော်လင့်တဲ့အကြောင်း” တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Ma Zhaoxu က ပြောဆိုသွားတာဖြစ်ပါတယ်။

တရုတ်နိုင်ငံအနေနဲ့ မြန်မာစစ်အစိုးရအပေါ် တစုံတရာပြစ်တင်ဝေဖန်တာမျိုးတွေမရှိပေမယ့်လည်း အိမ်နီးချင်းထိုင်းနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေကတော့ ဒေါ်အောင်ဆန်းစုကြည်ကို အခုလို တရားစွဲဆိုထားတဲ့အခြေအနေအပေါ် စိုးရိမ်တဲ့အကြောင်း ထုတ်ဖော်ပြောဆိုထားပါတယ်။

မေလ ၁၉ ရက်နေ့ နေ့စွဲနဲ့ထုတ်ပြန်တဲ့ အာဆီယံအလှည့်ကျသဘာပတိ ထိုင်းနိုင်ငံရဲ့ကြေညာချက်မှာ ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းလွှတ်ပေးဖို့ တောင်းဆိုပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အပေါ် လူသားချင်းစာနာပြီး ဂုဏ်သိက္ခာနဲ့အညီဆက်ဆံဖို့၊ အချိန်မီ ကျန်းမာရေးစောင့်ရှောက်ခွင့်ပေးဖို့ အာဆီယံအလှည့်ကျဥက္ကဋ္ဌအနေနဲ့ တောင်းဆိုထားပါတယ်။

မြန်မာနိုင်ငံဟာ တာဝန်သိတဲ့အဖွဲ့ဝင်နိုင်ငံတခုအနေနဲ့ လူ့အခွင့်အရေးကို လေးစားလိုက်နာဖို့ အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်တဲ့ ထိုင်းနိုင်ငံရဲ့ကြေညာချက်မှာ ဖော်ပြထားပါတယ်။ ဒါပေမယ့်လည်း မြန်မာနိုင်ငံအပေါ် အပြုသဘောဆောင်တဲ့ ရပ်တည်ချက်ကိုဆက်ပြီးကျင့်သုံးသွားမယ်လို့ ထိုင်းဝန်ကြီးချုပ် Abhisit Vejjajiva က သတင်းထောက်တွေကိုဆက်ပြီးပြောပြပါတယ်။

“မြန်မာအစိုးရက သူတို့ချမှတ်ထားတဲ့ နိုင်ငံရေးလမ်းပြမြေပုံအတိုင်း တိုးတက်မှုတွေလုပ်ဆောင်တာကို ကျနော်တို့ကမြင်ချင်တာပါ။ နိုင်ငံရေးဖြစ်စဉ်တွေမှာ အများပါဝင်နိုင်အောင် သေချာဖို့လိုပါတယ်။ ပြီးခဲ့တဲ့သတင်းပတ်အတွင်းက မြန်မာနိုင်ငံမှာဖြစ်ပျက်ခဲ့တာတွေအပေါ် ကျနော်တို့ကစိုးရိမ်ပါတယ်။ ဒါကြောင့်လည်း စိုးရိမ်တဲ့အကြောင်း ကျနော်တို့ရှင်းရှင်းလင်းလင်းပြောဆိုတာပါ။ ဒါပေမယ့်လည်း မြန်မာနိုင်ငံအပေါ် ကျနော်တို့ရဲ့ဆက်ဆံရေးဟာ အပြုသဘောဆောင်တဲ့ ထိတွေ့ဆက်ဆံရေးမူကို ဆက်ပြီးကျင့်သုံးသွားမှာပါ။ ကျနော်တို့ဘက်က ကူညီလုပ်ပေးနိုင်တာတွေကို လုပ်ပေးသွားမှာပါ။”

ထိုင်းနိုင်ငံအနေနဲ့ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ အပြုသဘောဆောင်တဲ့ ဆက်ဆံရေးမူကို ဆက်ကျင့်သုံးသွားမယ်၊ တရုတ်နိုင်ငံကလည်း မြန်မာ့အရေးဟာ မြန်မာရဲ့ပြည်တွင်းရေးသာဖြစ်တယ်လို့ပြောပေမယ့် အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်တဲ့ ထိုင်းနိုင်ငံရဲ့ကြေညာချက်ထဲမှာ ဖော်ပြထားချက်တခုကတော့ အခုဆိုရင် နိုင်ငံတကာအသိုင်းအဝန်းကြားမှာ လက်ရှိအခြေအနေအရ မြန်မာအစိုးရရဲ့ဂုဏ်သိက္ခာနဲ့ မြန်မာနိုင်ငံအပေါ်အများယုံကြည်မှုကို ထိခိုက်နိုင်တဲ့အခြေအနေကို ရောက်နေပြီဆိုပြီး ထိုင်းနိုင်ငံကကြေညာချက်ထဲမှာ ဖော်ပြထားပါတယ်။

လေ့လာသူတွေကတော့ အခုလို ဒေါ်အောင်ဆန်းစုကြည်ကို ဆက်ပြီးချုပ်နှောင်လိုက်တဲ့အတွက် မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ထားတဲ့မူဝါဒကို ပြန်ပြီးသုံးသပ်မယ်လို့ ပြောဆိုထားတဲ့ အမေရိကန်ပြည်ထောင်စုကို အရင်မူတွေအတိုင်းဘဲ အရေးယူပိတ်ဆို့ဖို့ စစ်အစိုးရကိုယ်တိုင် အဆိုပြုလိုက်သလိုဖြစ်သွားတယ်လို့ သုံးသပ်ကြပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Ian Kelly ကလည်း မေလ ၁၈ ရက်၊ တနင်္လာနေ့က သတင်းစာရှင်းလင်းပွဲမှာ မြန်မာနိုင်ငံအတွင်းဖြစ်ပျက်နေတဲ့ အခြေအနေတွေဟာ အမေရိကန်ပြည်ထောင်စုက မူဝါဒပြောင်းလဲရေးအတွက် စဉ်းစားလာနိုင်ဖို့ အထောက်အကူမဖြစ်တာ အသေအချာပါဘဲလို့ ပြောဆိုပါတယ်။

အခုဆိုရင် အီးယူ ဥရောပအဖွဲ့ဝင်နိုင်ငံတွေကလည်း မြန်မာနိုင်ငံအပေါ် ပိုပြီးပြင်းထန်တဲ့ အရေးယူပိတ်ဆို့မှုတွေပြဌာန်းဖို့ စဉ်းစားနေပါတယ်။ အီးယူ ဥရောပနိုင်ငံတွေရဲ့ ကော်မရှင်အကြီးအကဲ Jose Manuel Barroso ကတော့ ဒေါ်အောင်ဆန်းစုကြည်ကို ဆက်ပြီးချုပ်နှောင်ထားမယ်ဆိုရင် မြန်မာနိုင်ငံအတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ရင်ဆိုင်ရနိုင်တဲ့ နောက်ဆက်တွဲအကျိုးဆက်တွေကို စစ်အစိုးရက ထည့်သွင်းစဉ်းစားဖို့လိုတယ်လို့ သတိပေးပြောဆိုနေပါတယ်။

မြန်မာစစ်အစိုးရအနေနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အကျိုးဆက်တွေကို မစဉ်းစားရင်တောင် နိုင်ငံတကာအကြားမှာ ဂုဏ်သိက္ခာနဲ့အညီ ပြန်လည်ပါဝင်နိုင်ခွင့်နဲ့ ဒေသတွင်းနိုင်ငံတွေအကြား လူ့အခွင့်အရေးကို လေးစားတဲ့ နိုင်ငံတခုအဖြစ် ရပ်တည်ခွင့်ကိုလက်လွှတ်ရနိုင်ခြေရှိတယ်လို့ သုံးသပ်သူတွေလည်း ရှိပါတယ်။

နိုင်ငံရေးလေ့လာသူတွေကတော့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ နေအိမ်အကျယ်ချုပ်က လွတ်မြောက်နိုင်မယ့်အခြေအနေ ဆုံးရှုံးရတော့မလိုဖြစ်နေတဲ့အချိန် စစ်အစိုးရအနေနဲ့လည်း နိုင်ငံတကာအသိုင်းအဝန်းရဲ့ ဖိအားတွေလျော့နိုင်ခြေကို လက်လွှတ်ရလိမ့်မယ်လို့ သုံးသပ်ကြပါတယ်။

# ပြည်သူရှေ့တရားစီရင်ပေးဖို့အဖွဲ့ချုပ်တောင်းဆို

**Mizzima ၊ မေလ ၂၀ ။** ။ ဒေါ်အောင်ဆန်းစုကြည်အမှု ကြားနာစစ်ဆေးသည့်တရားခွင်ကို အများပြည်သူရှေ့မှောက်တွင် လွတ်လပ်စွာစီရင်ပြုလုပ်ပါရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ယနေ့ထပ်မံတောင်းဆိုသည်။

ယခုတပတ် တနင်္လာနေ့တွင်စတင်ခဲ့သည့် တရားရုံးထုတ်စစ်ဆေးမှုအတွင်း တရားရုံးတော်သို့ ဒေါ်စု၏ရှေ့နေများကတောင်းဆိုရာ ပယ်ချခံရပြီး ယနေ့တွင် အဲန်အဲယ်လ်ဒီကကြေညာချက်ထုတ်ကာ ထပ်မံတောင်းဆိုလိုက်ခြင်းဖြစ်ပါတယ်။ “ဆိုလိုတာကတော့ဗျာ၊ ဒီလိုလုပ်တာကန့်ကွက်တယ်။ မတတ်သာလို့စီရင်ပြီဆိုရင်လည်း အများပြည်သူရှေ့မှောက်မှာ စီရင်ပါ။ တရားမျှတမှန်ကန်စွာစီရင်ဆုံးဖြတ်ပါ။ အများပြည်သူရှေ့မှောက်မှာစစ်ဆေးပါ။ တရားမျှတမှန်ကန်တဲ့စီရင်ဆုံးဖြတ်မှုဖြစ်ပါစေလို့ တောင်းဆိုတာပါ။” ဟု ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်ကပြောပါတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၀ ပြည့်နှစ် တရားဥပဒေစာအုပ်တွင် တရားစီရင်ရေးဆိုင်ရာပုဒ်မ ၂ (ဂ) ၌ ဥပဒေအရ တားမြစ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ခြင်းဖြစ်ရမည်ဟု ပြဌာန်းထားကြောင်းနှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၇ တွင်လည်း ပြစ်မှုတိုင်းအား သာမန်အားဖြင့်ပြစ်မှုကျူးလွန်ရာနယ်မြေအတွင်း စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးကစုံစမ်းစစ်ဆေးစီရင်ရမည်ဟု ပါရှိကြောင်း ကြေညာချက်တွင်ပြောဆိုထောက်ပြထားပါတယ်။

ကျော်ကျော်စိုး

# ဒီမိုကရေစီ၏အခြေခံမှုများ

အပိုင်း ၁၁

## ဥပဒေပြုအာဏာ

**ယခင်လအဆက်**

ကိုယ်စားပြုဒီမိုကရေစီစနစ်တွင် လွှတ်တော်၊ ညီလာခံ၊ ကွန်ဂရက်မည်သို့ပင်ခေါ်ခေါ် ထိုအတွက် ရွေးချယ်ခံရသူများသည် ပြည်သူလူထုအား အလုပ်အကျွေးပြုရန်ဖြစ်သည်။ ၎င်းတို့သည် အားကောင်းခိုင်မာသော ဒီမိုကရေစီလုပ်ကိုင်လှုပ်ရှားနိုင်ရေးအတွက် မဖြစ်မနေလိုအပ်သောနေရာများတွင် ပါဝင်လုပ်ကိုင်ကြသည်။

<u>ကိုယ်စားပြုဒီမိုကရေစီတွင် ရွေးချယ်ခံရသောအမတ်များသည် ဥပဒေများရေးဆွဲခြင်း၊ အကြေအလည်ညှိနှိုင်းဆွေးနွေးခြင်း၊ အတည်ပြုခြင်းများ ကိုအဓိကပြုလုပ်ကြသည်။</u> အာဏာရှင်ခေါင်းဆောင်တဦး၏ဆုံးဖြတ်ချက်ကို အတည်ပြုပေးရုံသက်သက်သာရှိသည့် တံဆိပ်တုံးနှိပ်ရန်လွှတ်တော်မျိုး မဟုတ်ပေ။

အစိုးရအရာရှိများ၏လုပ်ဆောင်ချက်များနှင့် ဆုံးဖြတ်ချက်များကို လူသိရှင်ကြားမေးခွန်းထုတ်ပိုင်ခွင့်ရှိသည့် စုံစမ်းစစ်ဆေးရေးအခွင့်အာဏာကို ဥပဒေပြုအမတ်များက ရရှိထားသည်။ ထိုသို့မဟုတ်ပါကလည်း အစိုးရဝန်ကြီးဌာနအသီးသီး၏အာဏာများကို စစ်ဆေးမှုပြုသောအဖွဲ့အစည်းအဖြစ်ရပ်တည်သည်၊ အထူးသဖြင့် အုပ်ချုပ်ရေးအာဏာနှင့် ဥပဒေပြုအာဏာကို သီးခြားစီခွဲထုတ်ထားသည့် သမတအုပ်ချုပ်မှုစနစ်တွင် ထိုလုပ်ဆောင်ချက်များကိုပြုလုပ်သည်။

လွှတ်တော်အမတ်များသည် နိုင်ငံ့ဘတ်ဂျက်ကို အတည်ပြုပေးရသည်၊ အရေးကြီးသည့်ကိစ္စရပ်များကို ကြားနာခြင်းပြုရသည်၊ အုပ်ချုပ်ရေးအာဏာပိုင်များက ခန့်အပ်လိုက်သည့် တရားသူကြီးများနှင့် ဝန်ကြီးများအား အတည်ပြုပေးရသည်။ အချို့သောဒီမိုကရေစီစနစ်များတွင် လွှတ်တော်ရေးရာကော်မတီများသည် လွှတ်တော်အမတ်များအတွက် လူသိရှင်ကြားစစ်ဆေးမှုများပြုရသည့် နိုင်ငံ့အရေးကိစ္စများကို ဆွေးနွေးအဖြေရှာရာနေရာအဖြစ် တည်ရှိကြသည်။

လွှတ်တော်အမတ်များသည် တည်ဆဲအစိုးရအား ထောက်ခံခြင်း သို့မဟုတ် အပြိုင်ဖြစ်သောပေါ်လစီများနှင့် အစီအစဉ်များကိုလုပ်ဆောင်သည့်အတိုက်အခံပါတီများဘက်မှ ရပ်တည်ခြင်းများပြုလုပ်ကြသည်။

လွှတ်တော်အမတ်များသည် ၎င်းတို့၏ရှုမြင်သုံးသပ်မှုများအား ဖြစ်နိုင်သမျှထိရောက်မှုအရှိဆုံးဖြစ်စေရေးအတွက်လုပ်ဆောင်ရန် တာဝန်ရှိသည်။ သို့သော်လည်း ၎င်းတို့သည် ဒီမိုကရေစီဆိုင်ရာကျင့်ဝတ်များဖြစ်သော သည်းညည်းခံမှု၊ လေးစားမှု၊ ပြည်သူလူထုအားလုံးအတွက် အထွေထွေအကျိုးဖြစ်ထွန်းစေမည့်အရာများကို သဘောတူညီမှုရရှိစေရေးအတွက် အပြန်အလှန်အပေးအယူအလျှော့အတင်းလုပ်မှုများဖြင့် ဆောင်ရွက်ရမည်။

လွှတ်တော်အမတ်တဦးစီတို့သည် ဒေသဆိုင်ရာမဲဆန္ဒနယ်များ၏ အထွေထွေလိုအပ်ချက်များကို ညီမျှမှုရှိစေရန် မည်သို့လုပ်ဆောင်မည်နည်းဆိုသည်ကို ကိုယ်တိုင်ဆုံးဖြတ်ရမည်။

လွှတ်တော်အမတ်များသည် ၎င်းတို့၏မဲဆန္ဒရှင်တဦးချင်းစီ၏ ကန့်ကွက်ချက်ပြောဆိုမှုများ၊ ပြဿနာများကို စာနာစိတ်ဖြင့်နားထောင်ခြင်းများကို ရံဖန်ရံခါပြုကြသည်။ ထိုအရာများကို အစိုးရအုပ်ချုပ်ရေးအဖွဲ့များ၏ အကူအညီများဖြင့် ပံ့ပိုးမှုများပေးကြရသည်။ ထိုသို့လုပ်ဆောင်ရန် ၎င်းတို့သည် လေ့ကျင့်ထားသော လက်ထောက်များ ဝန်ထမ်းများကို မွေးမြူထားပေသည်။

နိုင်ငံ့လွှတ်တော်အမတ်များကို နည်းလမ်းနှစ်မျိုးဖြင့် ရွေးချယ်လေ့ရှိသည်။ မဲအများဆုံးရသောသူက အမတ်နေရာရသည့် လူအများစုဆန္ဒ ရွေးကောက်ပွဲများနှင့် ဝင်ရောက်ယှဉ်ပြိုင်သည့်သူအပေါ်ရွေးချယ်ခြင်းထက် ပါတီကို မဲပေးပြီး ပါတီရရှိသည့် မဲအချိုးအစားအပေါ်အခြေခံကာ ကိုယ်စားလှယ်ကို ရွေးချယ်သည့် မဲအချိုးအစားရွေးကောက်ပွဲများဖြင့် ရွေးချယ်သည်။

မဲအချိုးအစားရွေးကောက်ပွဲစနစ်သည် စနစ်တကျဖွဲ့ စည်းထားသည့် ပါတီငယ်လေးများဝင်ရောက်ယှဉ်ပြိုင်မှုကို အားပေးသည်။ လူအများစုမဲဆန္ဒ ရွေးကောက်ပွဲသည် နှစ်ပါတီစနစ်ကို အားပေးသည်။ မည်သည့်နည်းလမ်းတွင်မဆို ကိုယ်စားလှယ်များအကြား အကြေအလည်ဆွေးနွေးမှုများ၊ ညှိနှိုင်းမှုများ၊ မဟာမိတ်ဖွဲ့စည်းတည်ဆောက်မှုများ၊ အပြန်အလှန်အလျှော့ အတင်းအပေးအယူလုပ်မှုများသည် ဒီမိုကရေစီလွှတ်တော်များ၏ အမှတ်သင်္ကေတများဖြစ်သည်။

လွှတ်တော်များသည် တခါတရံတွင် နှစ်ရပ်ရှိကြသည်။ ဥပဒေသစ်များကို အတည်ပြုနိုင်ရေးအတွက်ဆိုလျှင် အထက်နှင့် အောက်လွှတ်တော် နှစ်ရပ်စလုံး၏ သဘောတူညီမှုလိုအပ်သည်။

အပိုင်း ၁၂

## သီးခြားလွတ်လပ်သောတရားစီရင်ရေး

သီးခြားလွတ်လပ်၍ ကျွမ်းကျင်နှံ့စပ်လှသည့် တရားသူကြီးများသည် မျှတ၍ဘက်လိုက်မှုမရှိခြင်း၏အခြေခံအုတ်မြစ်ဖြစ်သည်။ အခြေခံဥပဒေက အာမခံပေးထားသည့် တရားရုံးဥပဒေများကို တရားစီရင်ရေးစနစ်ဟု လူသိများသည်။ ဤသီးခြားလွတ်လပ်မှုက တရားသူကြီးများသည် မိမိတို့၏ကိုယ်ပိုင် သဘောဆန္ဒများအပေါ်အခြေခံ၍ ဆုံးဖြတ်ချက်များချမှတ်နိုင်သည့်သဘောမျိုး မဟုတ်ပဲ ဥပဒေကြောင်းနှင့်အညီ လွတ်လပ်စွာချမှတ်နိုင်ခြင်းမျိုးဖြစ်သည်။ ထိုဆုံးဖြတ်ချက်မျိုးသည် အစိုးရ သို့မဟုတ် အင်အားကောင်းလှသည့်ပါတီများနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည့်တိုင် လွတ်လပ်စွာဖြင့် ဆုံးဖြတ်နိုင်ခြင်းကို ဆိုလိုသည်။

ဒီမိုကရေစီတွင် တရားသူကြီးများကို ဘက်လိုက်မှုမရှိစေရေးအတွက် ရွေးချယ်ခံအရာရှိများ၊ အမတ်များ၏နိုင်ငံရေးအရဖိအားပေးခြင်းမှ သီးခြားလွတ်လပ်စွာရှိရေးကို အာမခံချက်ပေးထားသည်။ တရားရေးဆိုင်ရာ ဆုံးဖြတ်ချက်များသည် ဘက်လိုက်မှုမရှိသင့်၊ အမှုနှင့်သက်ဆိုင်သည့် အကြောင်းအချက်များ၊ လူပုဂ္ဂိုလ်တဦးချင်းစီ၏ထွက်ဆိုချက်များ၊ ဥပဒေကြောင်းအရ အခြေအတင်လျှောက်လဲချက်များ၊ ဆက်နွယ်မှုရှိသည့်ဥပဒေများ အပေါ်အခြေခံ၍ သက်ဆိုင်ရာပုဂ္ဂိုလ်၊ ပါတီ၊ အဖွဲ့အစည်းများ၏ မမှန်မကန် ဩဇာလွှမ်းမိုးမှုမရှိမှု၊ ကန့်သတ်တားမြစ်မှုမရှိမှု စသည်တို့အပေါ်အခြေခံ၍ ဆုံးဖြတ်သည်။

တရားသူကြီးများ၏အာဏာသည် ဥပဒေနှင့်အညီဖြစ်ရမည်၊ အစိုးရသည်လူထုထောက်ခံမှုအများစုဖြင့်ရွေးချယ်ခံရသည့်တိုင် အာဏာအလွဲသုံးစားမှုများဖြစ်ပွားမှုအလားအလာမှကာကွယ်ရန် အခြေခံကျသည့် ပြန်လှန်စစ်ဆေးမှုပြုသည့်နည်းလမ်းတခုအဖြစ်ဆောင်ရွက်သည်။ သို့သော်လည်း ထိုအာဏာအရ ဆုံးဖြတ်ချက်များချရာတွင် တရားရုံးများသည် သီးခြားလွတ်လပ်ရမည်ဆိုသော်လည်း ဆုံးဖြတ်ချက်များသည် ဥပဒေနှင့်အညီသာဖြစ်ရမည်၊ နိုင်ငံရေးအကြောင်းအချက်များအပေါ် အခြေခံခြင်းမပြုရပေ။

တရားသူကြီးများသည် ရွေးချယ်ခံရသည်ဖြစ်စေ၊ ခန့်အပ်ခံရသည်ဖြစ်စေ၊ ၎င်းတို့၏ရာထူးတာဝန်များတွင်တည်မြဲမှုရှိစေရေးအတွက် ဥပဒေနှင့်အညီအာမခံချက်ပေးရမည်၊ ၎င်းတို့သည် ဆုံးဖြတ်ချက်များချမှတ်ရာတွင် အာဏာရှိသူများ၏ ဖိအား သို့မဟုတ် ထိုးနှက်ချက်များကို ထည့်သွင်း စဉ်းစားခြင်းမပြုပဲ ဆုံးဖြတ်နိုင်ရမည်။ ကျွမ်းကျင်နှံ့စပ်သည့်တရားသူကြီးများအရေးပါပုံကို လူ့အဖွဲ့အစည်းက အသိအမှတ်ပြုပြီး ၎င်းတို့အတွက် ကောင်းမွန်ပြည့်စုံသည့်လေ့ကျင့်သင်ကြားမှုများနှင့် မွမ်းမံသင်တန်းများအတွက် ထောက်ပံ့စီစဉ်ပေးသည်။

တရားရုံးစနစ်၏ ဘက်လိုက်မှုမရှိခြင်းကို ယုံကြည်မှုရှိစေရေးအတွက် နိုင်ငံရေးနှင့်မသက်ဆိုင်သော၊ အစိုးရ၏လက်အောက်ခံမဟုတ်ဆိုသည်ကို အများကသိမြင်လက်ခံနိုင်ရေးသည် သီးခြားလွတ်လပ်သောတရားစီရင်ရေး၏ အင်အားနှင့် ရပ်တည်ရေးအတွက် အဓိကကျသည့်အကြောင်းရင်းဖြစ်သည်။

# စင်ကာပူ ရုရှားနဲ့ ထိုင်း သံအမတ်များ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ခွင့်ရ

**NEJ၊ မေလ ၂၀။** ။ ဒေါ်အောင်ဆန်းစုကြည်အပေါ်စွဲဆိုထားသည့်အမှုတတိ ယနေ့ရုံးချိန်းမွန်းလွဲပိုင်း တရားစစ်မေးမှုတွင် နိုင်ငံတကာသံတမန်များနှင့် ပြည်တွင်း ပြည်ပသတင်းထောက်အချို့ကို တက်ရောက်နားထောင်ခွင့်ပြုခဲ့ကြောင်း အဲန် အဲယ်လ်ဒီပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးအုန်းကြိုင်ကပြောပါတယ်။

“တရားလိုပြသက်သေနှစ်ယောက်စစ်တယ်။ တယောက်ဘဲပြီးတယ်။ ကျန်တယောက်ကမပြီးဘူး။ မနက်ဖြန်မနက် ၁၀ နာရီဆက်ချိန်းတယ်။”ဟု ဦးအုန်းကြိုင်ပြောပါတယ်။ ယနေ့မွန်းလွဲပိုင်း တရားစစ်မေးမှုတွင် နိုင်ငံတကာသံအမတ်ကြီး ၃၀ နီးပါး၊ ပြည်ပသတင်းထောက် ၅ ဦးနှင့် ပြည်တွင်းဂျာနယ်သတင်းထောက် ၅ ဦးတို့ တက်ရောက်နားထောင်ခွင့်ရရှိခဲ့ကြပါတယ်။ ညနေပိုင်းတရားခွင်ပြီးဆုံးချိန်တွင် မြန်မာနိုင်ငံရှိ သံတမန်များအဖွဲ့နာယက စင်ကာပူသံအမတ်၊ အာဆီယံဥက္ကဌ ဖြစ်နေသော ထိုင်းနိုင်ငံမှသံအမတ်၊ လုံခြုံရေးကောင်စီဥက္ကဌဖြစ်နေသော ရုရှားနိုင်ငံမှသံအမတ်များနှင့် တွေ့ဆုံခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရပါတယ်။

နောက်ရက်တရားခွင်တွင် သံတမန်များနှင့်သတင်းထောက်များ တက်ရောက်နားထောင်ခွင့်ရှိ မရှိ မသိရသေးကြောင်း အဲန်အဲယ်လ်ဒီပါတီကပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်ဖြင့်ထားစဉ် နေအိမ်အတွင်း အမေရိကန်နိုင်ငံသားမစ္စတာယက်တော ဝင်ရောက်ခဲ့သည်ဟုဆိုကာ နအဖအစိုးရက နေအိမ်အကျယ်ချုပ်ဖောက်ဖျက်မှုဖြင့် တရားထပ်မံစွဲဆိုခဲ့ရာ နိုင်ငံတကာရှိမြန်မာသံရုံးများရှေ့တွင် ဆန္ဒပြပွဲများဖြစ်ပေါ်ခဲ့ပါတယ်။

အာဆီယံကလည်း ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံးပြန်လွှတ်ပေးရန် တောင်းဆိုထားပြီး အမေရိကန်အပါအဝင် အနောက်နိုင်ငံများကလည်း အနီးကပ်စောင့်ကြည့်မှုများ ပြုလုပ်နေကြကြောင်း ထုတ်ဖော်ပြောကြားထားပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အမှု တရားခွင်ကို အများပြည်သူကြားနာခွင့်ရရန် အမေရိကန်အစိုးရ၏တောင်းဆိုချက် ယမန်နေ့ကပေါ်ထွက်လာပြီးနောက် ယနေ့သံတမန်များနှင့် သတင်းထောက်အချို့ တရားခွင်ဝင်ရောက်ကြားနာခွင့်ရခဲ့ပါတယ်။

“ပြည်တွင်းသတင်းထောက်တွေကလည်း ဒီကိစ္စအပေါ်စိတ်ဝင်စားမှုရှိကြတယ်။ ရုံးချုပ်ကိုမလာဘူးကြတဲ့ သတင်းထောက်တွေပါ ပါလာပြီး တရက်ကိုလုလေးငါးဆယ်လောက်လာမေးကြတယ်။ ဦးဥာဏ်ဝင်းကတရားရုံးကပြန်လာရင် သူတို့ကိုပြန်ရှင်းပြရတယ်။ ပြန်ရေးလို့ရတယ် မရတယ်တော့မသိဘူး။ သူတို့ကတော့ အမှုကိုစွဲတင်တဲ့နေကတည်းက လာမေးနေကြတာဘဲ။”ဟုဦးအုန်းကြိုင်ကပြောပါတယ်။

အဲန်အဲယ်လ်ဒီပါတီကလည်း အများပြည်သူတက်ရောက်ကြားနာနိုင်တဲ့ တရားခွင်ဖြင့် စစ်မေးရန်တင်ပြတောင်းဆိုခဲ့သော်လည်း မရရှိခဲ့ကြောင်းနှင့်ယနေ့ ထပ်မံတောင်းဆိုကြောင်း ကြေညာချက်တစောင်ထပ်မံထုတ်ပြန်ပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်လွှတ်ရေး ဖိအားပေးရန် ကင်တားနားတောင်းဆို

**DVB၊ မေလ ၁၉။** ။ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အကြောင်းမဲ့ တရားစွဲဆိုထားတာတွေကို ရုပ်သိမ်းပေးဖို့ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းကပါ စစ်အုပ်စုကို ဖိအားပေးသင့်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေး စုံစမ်းစစ်ဆေးရေးအရာရှိ တိုမားစ်အိုဟေးကင်တားနားက တိုက်တွန်းပြောဆိုလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို ဒီနေ့မနက် ၁၀ နာရီမှာ ဒုတိယအကြိမ် အင်းစိန်ထောင်တွင်းတရားရုံးမှာ ရုံးထုတ်စစ်ဆေးပါတယ်။ ဒီလ စောစောပိုင်းမှာ အမေရိကန်နိုင်ငံသား ဂျွန်ယက်တောဆိုသူက ဒေါ်အောင်ဆန်းစုကြည်အိမ်ကို ရေကူးဝင်ရောက်လာတဲ့အပေါ်မှာ ခုလိုတရားစွဲဆိုခံနေရတာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဒေါ်အောင်ဆန်းစုကြည်ကို စွပ်စွဲထားချက်တွေက ကျိုးကြောင်းခိုင်လုံမှုမရှိတဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်ကို ပြစ်မှုကျူးလွန်တယ်လို့ပြောလို့မရကြောင်း၊ စစ်အုပ်စုအနေနဲ့ တရားစွဲဆိုထားမှုကို ချက်ချင်းပယ်ချဖို့ ကင်တားနားက ပြောပါတယ်။ အမေရိကန်နိုင်ငံသား ဂျွန်ယက်တော ဝင်ရောက်မှုဟာ စစ်အစိုးရရဲ့ လုံခြုံ ရေးပေါ့လျော့မှုကြောင့်သာဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်အပါအဝင် မခင်ခင်ဝင်းနဲ့ မဝင်းမမတို့မှာ အပြစ်မရှိကြောင်းလည်း ထပ်လောင်းပြောဆိုပါတယ်။

“နေအိမ်အကျယ်ချုပ်ထိန်းသိမ်းခံထားရတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လုံခြုံရေးနဲ့ အခြားကိစ္စအဝဝမှာ တာဝန်ရှိတာ အစိုးရပဲဖြစ်ပါတယ်။ သူဟာ အစိုးရရဲ့ ထိန်းသိမ်းစောင့်ရှောက်မှုအောက်မှာ ရှိတဲ့အတွက် လုံခြုံရေးနဲ့ပတ်သက်တာမှန်သမျှလည်း အစိုးရမှာပဲတာဝန်ရှိတယ်။ အခုလက်ရှိ ဖြစ်ပျက်နေတဲ့ အခြေအနေကို တကမ္ဘာလုံးက စောင့်ကြည့်ဖို့ တော်တော်အရေးကြီးပါတယ်။”

မေ ၂၇ ရက်မှာ နေအိမ်အကျယ်ချုပ်သက်တမ်းပြည့်တော့မယ့် ဒေါ်အောင် ဆန်းစုကြည်ကို ဆက်လက်ထိန်းသိမ်းထားချင်တာကြောင့် စစ်အစိုးရလုံခြုံရေးတွေ က ဂျွန်ယက်တောကို ဝင်ခွင့်ပြုလိုက်တာလည်းဖြစ်နိုင်တယ်လို့ ဝါရှင်တန်ရှိ နအဖ သံရုံးမှာ လက်ထောက်သံမှူးအဖြစ် တာဝန်ထမ်းဆောင်ဖူးသူ စစ်ထောက်လှမ်းရေး ဟောင်း ဗိုလ်မှူးအောင်လင်းထွတ်က ပြောပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်အိမ် ပတ်ပတ်လည်မှာ လုံခြုံရေးအင်အားက ၂၅၀ လောက်ရှိတယ်။ ဒီလောက်လုံခြုံရေးတင်းကျပ်နေတာကို တယောက်ယောက်က ထိုးဖောက်သွားဖို့ဆိုတာ မဖြစ်နိုင်ဘူး။”

ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် နိုင်ငံတကာခေါင်းဆောင်တွေအနေနဲ့လည်း ပိုမိုတောင်းဆိုမှုတွေ ပြုလုပ်ဖို့ ကင်တားနားက တိုက်တွန်းထားပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်ပြီးဖြစ်လာတဲ့ အခြေအနေတွေကို ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံမှာရှိနေတဲ့ လူ့အခွင့်အရေးအခြေအနေဟာ ပိုပြီးဆိုးဝါးလာတယ်လို့ မြင်သာနေပါတယ်။ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် ပိုမိုအားစိုက်ဖို့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအဖွဲ့ဝင်တွေအားလုံးကို ကျနော်တိုက်တွန်းပါတယ်။”

---

**တဖက်မှ**

သို့သော်လည်း တရားရုံးများသည် လူထုသဘောထား၊ စောင့်ကြပ်ကြည့်ရှုမှု၊ ဝေဖန်ပြောဆိုမှုများကို အခြားအဖွဲ့အစည်းများကဲ့သို့ပင် ခံရမည်ဖြစ်သည်။ တရားသူကြီးများသည် လွတ်လပ်စွာပြောဆိုခွင့်ရှိသကဲ့သို့ ၄င်းတို့အားဝေဖန်သူများသည်လည်း အလားတူအခွင့်အရေးများရှိသည်။

တရားသူကြီးများ၏ ဘက်လိုက်မှုကင်းရှင်းစေရေးအတွက် အမှုများကိုဆုံးဖြတ်ရာတွင် တရားသူကြီးများကို ပဋိပက္ခဖြစ်မှုများ၏အကျိုးသက်ရောက်မှုများအား ထည့်သွင်းစဉ်းစားခြင်း (အကျိုးသက်ရောက်မှုမှကင်းဝေးစေရေး) မရှိစေရန် တရားရေးဆိုင်ရာကျင့်ဝတ်များလိုအပ်ပေသည်။ ဒီမိုကရေစီတွင် တရားသူကြီးများသည် သေးငယ်လှသည့် ကန့်ကွက်မှုများပင်ဖြစ်စေ၊ နိုင်ငံရေးအရ ပြစ်တင်ဝေဖန်သည်ဖြစ်စေ ထိုအရာများကို ပစ်ပယ်ကာ ဖယ်ရှား၍မရပေ။

သီးခြားလွတ်လပ်သောတရားစီရင်ရေးဆိုသည်မှာ တရားရုံးဆုံးဖြတ်ချက်များသည် တည်ဆဲဥပဒေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေများအပေါ်သာ အခြေပြု၍ဆုံးဖြတ်ရမည်၊ နိုင်ငံရေးအာဏာအပြောင်းအလဲ၊ ယာယီသဘောအရ အစိုးရအဖြစ်တာဝန်ထမ်းဆောင်နေသည့်ပါတီ၊ အစိုးရအဖွဲ့ဝင်များ၏ဖိအားအပေါ် အခြေပြု၍ဆုံးဖြတ်ခြင်းမပြုရ ဆိုသည့်အချက်ကို ပြည်သူပြည်သားအားလုံးက သိရှိနားလည်သဘောပေါက်ခြင်းကို ဆိုလိုသည်။

ထိုကဲ့သို့သောသီးခြားလွတ်လပ်မှုက ဒီမိုကရေစီတွင် တည်ရှိသော တရားစီရင်ရေးစနစ်သည် ပြည်သူလူထု၏အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကာကွယ်စောင့်ရှောက်သည်ကို ထောက်ခံပံ့ပိုးခြင်းဖြစ်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ဒေါ်အောင်ဆန်းစုကြည်အမှု ဒုတိယရုံးချိန်းတွင် ရဲ ၄ ဦးနှင့် အရပ်သား ၁ ဦးကိုစစ်

**DVB၊ မေ ၁၉။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမှုကို ဒီနေ့ အင်းစိန်ထောင်တွင်း ဒုတိယအကြိမ်ကြားနာပါတယ်။ လုံခြုံရေးတွေ တင်းကျပ်စွာချထားပြီး မနေ့ကလို အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဝင်တွေ၊ ပြည်သူလူထုနဲ့ ကျောင်းသားလူငယ်တွေ လာရောက်စောင့်ကြည့်ကြတယ်လို့သွားရောက်ခဲ့သူတွေက ပြောပါတယ်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ် ဖောက်ဖျက်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ တရားစွဲဆိုထားပြီး ဒီကနေ့ ဒုတိယအကြိမ် အမှုကြားနာရာမှာ အင်းစိန် မှူခင်းရဲတပ်ဖွဲ့က ဒုရဲမှူးကြီးအပါအဝင် ရဲတပ်ဖွဲ့ဝင် ၄ ဦးနဲ့ အရပ်သားသက်သေတဦးကို စစ်ဆေးခဲ့တယ်လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမှုလိုက်ရှေ့နေတဦးဖြစ်သူ ဦးဉာဏ်ဝင်း ကပြောပါတယ်။

“ဒီနေ့တရားခွင်မှာ တရားလိုပြသက်သေ ရဲအရာရှိ ၄ ယောက်၊ အရပ်သားတယောက်ပေါ့။ အရပ်သားကတော့ ရှာဖွေသက်သေပေ့ါ။ ရှာဖွေတဲ့နေရာမှာ လက်မှတ်ထိုးတဲ့ ရယက ဥက္ကဋ္ဌပေါ့။ အန်တီကတော့ အမှုစစ်ဖို့ဆွေးနွေးတဲ့နေရမှာ သူပြောတာတခုက အဖြစ်အပျက်တွေက သူအစစ်ခံရင်လည်း အမှန်အတိုင်း အားလုံးပြောမှာပဲ။ ဒါပေမယ့် သူ ဘာပြစ်မှုမှ မကျူးလွန်ဘူး ဥပဒေသဘောအရ၊ ဒါက အန်ကယ်တို့က ပြောတာ။ အဖြစ်အပျက်ကတော့ သူ ဘယ်ဟာကိုမှ ဖုံးထားမှာ မဟုတ်ဘူး။ အန်ကယ်ပြောစရာက မနေ့စစ်တယ်၊ ဒီနေ့စစ်တယ်၊ မနက်ဖြန်လည်း ဆက်ချိန်းတယ်။ အန်ကယ်တို့အမြင်ကတော့ အမှုကို အလွန်မြန်မြန်ဆန်ဆန်ပြီးပြတ်အောင် ဆောင်ရွက်နေတဲ့ သဘောလို့တော့ ခန့်မှန်းလို့ ရပါတယ်။”

မနက်ဖြန်မှာ တရားလို ၂၂ ဦးထဲက ကျန်တဲ့လူတွေကို အမှုဆက်စစ်မှာဖြစ်တယ်လို့ ဦးဉာဏ်ဝင်း ကပြောပါတယ်။ ဒီကနေ့ တရားခွင်မှာ အမေရိကန်နိုင်ငံသား ဂျွန်ဝီလီယံ ယက်ထောရဲ့ရှေ့နေ ဦးခင်မောင်ဦးက ပြန်လှန်မေးခွန်း ထုတ်ခဲ့တာတွေနဲ့ ပတ်သက်လို့လည်း ဦးဉာဏ်ဝင်းက ပြောပြပါတယ်။

“အမှုစစ်နေတုန်းမှာ မစ္စတာယက်တောက သူ့ရှေ့နေကို ခေါ်ပြီး တိုင်ပင်တယ်။ သူတို့ချင်း တိုင်ပင်တဲ့စကားတော့ မကြားရဘူးပေ့ါ။ ကြားနာပြီးတော့ သူက ရုံးကိုခွင့်ပြုချက်တောင်းပြီးတော့ အမှုသက်သေကို မေးခွန်းတခု မေးတယ်။ မစ္စတာယက်တောအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အသက်အန္တရာယ်ရှိတယ်လို့ သူ့ရဲ့ကျင့်စဉ်ထဲမှာတွေ့လို့ ဒေါ်အောင်ဆန်းစုကြည်နဲ့ အစိုးရကို သတိပေးဖို့ သူလာတာ၊ အဲဒီလို သူထွက်ဆိုခဲ့တာ မှန်သလားလို့ သူက မေးခိုင်း တယ်။ မစ္စတာယက်တောရဲ့ ညွှန်ကြားချက်အရ ရှေ့နေက မေးတဲ့မေးခွန်း။ ရုံးကမေးခွင့်တော့ မပြုပါဘူး။ အဲလို မေးခဲ့တာကတော့ နည်းနည်းထူးခြားနေတာ ပေ့ါလေ။”

ဒေါ်အောင်ဆန်းစုကြည်ရဲ့အမှုကို ထောင်တွင်း အထူးတရားရုံးမှာ ကြားနာစစ်ဆေးနေချိန် ထောင်ပြင်ပမှာ လုံခြုံရေးလက်နက်ကိုင် တပ်ဖွဲ့ဝင်တွေကို ထောင်နဲ့ချီချထားတာ မနေ့ကထက် ပိုများတယ်လို့ သွားရောက်စောင့် ကြည့်သူတွေက ပြောပါတယ်။ မနေ့က ပိတ်ထားတဲ့ အင်းစိန်ဈေးကြီးကတော့ တချို့ဆိုင်တွေပြန်ဖွင့်နေပေမယ့် ထောင်တဝိုက် လမ်းတွေကိုတော့ ပိတ်ထားဆဲလို့ အနီးမှာနေထိုင်သူတဦးက ပြောပါတယ်။

“လူတွေကြားထဲမှာ အစောင့်တွေက အရပ်ဝတ်တွေနဲ့။ တော်တော် လေးကို ကျပ်တယ်။ ဖမ်းလားဆီးလားမလုပ်ပေမယ့် လူတွေကို ဓာတ်ပုံတွေလိုက်ရိုက်တယ်။ တယောက်စီကို လိုက်ရိုက်နေတာ။ ရိုက်တာက စွမ်းအားရှင်တို့၊ နအဖဘက်က ဟာတွေပေ့ါ။ ပူးဝဘေးနားမှာ စောင့်နေတဲ့သူတွေကို ရိုက်တာ။ အဲဒီလူတွေက ရိုးရိုး အရပ်သားတွေ၊ အန်အယ်လ်ဒီက လူငယ်တွေ၊ စိတ်ရှိတဲ့လူတွေလာစောင့်နေကြတာပေ့ါ။”

ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမှုကို စိတ်တဝင်စား လာရောက်စောင့်ကြည့်တဲ့ ရန်ကုန်မြို့ခံ တဦးက…

“ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမှုကိုလိုက်လံဆောင် ရွက်တဲ့ ရှေ့နေကြီး ဦးကြည်ဝင်းရဲ့ အဆိုအရဆိုရင် လွတ်လပ်တဲ့တရားစီရင်မှုကို တောင်းဆိုတယ်တဲ့။ သူတို့ဘက်ကပယ်ချတယ်တဲ့။ မြန်မာနိုင်ငံမှာ လွတ်လပ်တရားမျှတတဲ့ တရားစီရင်မှုရှိမယ်ဆိုရင် ဦးကြည်ဝင်းရဲ့တောင်းဆိုချက်ကို အာဏာပိုင်တွေက လိုက်လျောရမယ်လေ။ ကျနော်သွားတဲ့ ရည်ရွယ်ချက်က လွတ်လပ်တဲ့ တရားစီရင်မှုရှိမရှိဆိုတာ သိချင်လို့” လို့ ပြောပါတယ်။

လုံခြုံရေးတွေ တင်းကျပ်ထားတဲ့ ကြားထဲက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေ ပြည်သူလူထု၊ ကျောင်းသာလူငယ်တွေ ရာနဲ့ချီပြီး သွားရောက်စောင့်ကြည့်နေကြတာပါ။ စောင့်ကြည့်နေသူတွေထဲမှာ တဦးအပါအဝင်ဖြစ်တဲ့ အဖွဲ့ချုပ်မှ ဦးဝင်းတင်က သူ့ရဲ့ ဒီနေ့အတွေ့အကြုံကို ပြောပါတယ်။

“လူထုရဲ့ ဝိုင်းဝန်းပံ့ပိုးမှုက ပိုပြီး မြင့်မားလာတယ်။ ဟိုနေ့ကဆို ရေ ၁ ပုလင်း၊ ၂ ပုလင်းလောက်ပဲ လာပေးတဲ့သူတွေ ရှိတယ်။ ဒီနေ့ကျတော့ ရေခဲရေတွေကို အများကြီး လက်နဲ့ဆွဲပြီး ပုလင်းတွေ လာပေးတယ်။ သီးမွှေးလို၊ ဖီးကြမ်းလို ငှက်ပျောသီးတွေ ကြိုးတွေနဲ့ ဆွဲလာပြီးတော့ကို လာပေးတာ။ ဒန်ပေါက်တွေ၊ ထမင်းထုပ်တွေ လာပေးတယ်။ ကိတ်မုန့်တွေ၊ ဘီစကစ်တွေလည်း လာပေးတယ်။ လူထုရဲ့ ဝန်းရံထောက်ခံမှုကလည်း ရှိနေတယ်ဆိုတဲ့ သဘောပေ့ါဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ကျနော်တို့က ဆန္ဒပြနေတဲ့သူတွေ မဟုတ်ဘူး၊ ဆန္ဒသဘောထားတွေကို ဖော်ထုတ်နေတဲ့သူ။ ဒီလိုလူတွေကိုပင် လူထုက ဝန်းရံ အားပေးနေတာတွေ ရှိတယ်လို့ကျနော်က ယူဆတယ်။”

## စစ်တွေ၊ တောင်ကုတ်တွင်လုံခြုံရေးတပ်များတင်းကျပ်

**Mizzima ၊ မေလ ၂၀။** ။ နိုင်ငံရေးဆန္ဒပြပွဲများဖြစ်လေ့ရှိသည့် ရခိုင်ပြည်နယ်မြို့တော် စစ်တွေနှင့်တောင်ကုတ်တွင် အာဏာပိုင်များက လုံခြုံရေးများတင်းကျပ်စွာချထားလိုက်ပါတယ်။

ယခုလ ၁၄ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်အား အကျဉ်းထောင်သို့ ပြောင်းရွှေ့ပြီး နောက်နှစ်ရက်မှစတင်၍ စစ်တွေရှိလူစည်ကားရာမြို့တော်ခန်းမ တက္ကသိုလ်ဝန်းကျင်၊ အတုလမာရဇိန်နှင့် ရဲကျော်သူဘုရားကြီး၊ ဝေသာလီအားကစားကွင်း ၊ ဦးဥတ္တမပန်းခြံနှင့် လောကနန္ဒာစေတီနေရာများကို ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးယူခဲ့ကြပါတယ်။

“လုံခြုံရေးယူထားတဲ့ရဲတွေက အများကြီးဘဲ၊ ၃၀၀ ကျော်မယ်ထင်တယ်။ စောင့်နေကြတယ်။” ဟု နာဇီရပ်ကွက်မှ ဒေသခံတဦးကပြောပါတယ်။ ရခိုင်ပြည်နယ်တောင်ဘက်ခြမ်းရှိ တောင်ကုတ်တွင်လည်း ယခုလ ၁၇ ရက်နေ့မှစတင်ကာ ရဲတပ်ဖွဲ့ဝင်များသည် မြို့တွင်း၌အချိန်ပြည့်ကင်းလှည့်လာခဲ့သည်။ “ရဲကား ၃ စီးလောက်နဲ့ ရဲ ၁၀၀ လောက်က မြို့ထဲမှာဟိုပတ်ဒီပတ်နဲ့လှည့်နေတယ်။ ကျနော်တို့ထင်တာတော့ ဒေါ်စုကိစ္စနဲ့ပတ်သက်ပြီး သူတို့(အာဏာပိုင်များ) က မျက်ခြေမပြတ်စောင့်ကြည့်နေတဲ့ သဘောရှိတယ်။” ဟု တောင်ကုတ်မြို့ခံကဆိုပါတယ်။

မြန်မာစစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်မှ အင်းစိန်ထောင်အတွင်းပြောင်းရွှေ့ခြင်း၊ နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများဘေးအန္တရာယ်မှကာကွယ်စောင့်ရှောက်သည့်ဥပဒေဖြင့် ပုဒ်မတပ်တရားစွဲဆိုခြင်းနှင့် ထောင်တွင်းအထူးတရားရုံး၌ စစ်ဆေးနေခြင်းကို ပြည်နယ်ဒေသခံများအနေဖြင့် မကျေနပ်ကြကြောင်း တောင်ကုတ်မှအဲန်အဲယ်ဒီလူငယ်တဦးကပြောပါတယ်။

“ကျနော်တို့လည်း မျက်ခြေမပြတ်စောင့်ကြည့်နေပါတယ်။ လိုအပ်ရင် လှုပ်ရှားမှုတွေပြုလုပ်သွားမှာဖြစ်တယ်။” ဟု သူကပြောပါတယ်။ စစ်တွေနှင့်တောင်ကုတ်သည် နိုင်ငံရေးလှုပ်ရှားမှုဖြစ်လေ့ရှိပြီး ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ သံဃလှုပ်ရှားမှုကာလ၌လည်း ဆန္ဒပြပွဲများဖော်ထုတ်ခဲ့သည့် မြို့နယ်များဖြစ်ပါတယ်။

| 2009 | | | | | | |
|---|---|---|---|---|---|---|
| | | | | | | |
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

# သတင်းပြက္ခဒိန်

**မေ ၁၈ ၊ RGN ॥ ॥** ထောင် ၅ နှစ်ထိ အပြစ်ပေးနိုင်သည့် အကျယ်ချုပ်ဥပဒေဖေါက်ဖျက်မှုအတွက် ဒေါ်အောင်ဆန်းစုကြည်နှင့် သူ၏အပေါ် ၂ ဦးအား ယနေ့ အမှုစတင်စစ်၏။

**မေ ၁၈ ၊ INSEIN ॥ ॥** ဒေါ်စုအား ယနေ့အမှုစတင်စစ်မည်ဖြစ်ရာ သံဆူးကြိုးများကာထားပြီး၊ အဲန်အဲလ်ဒီ ၂၀၀ ခန့်နှင့် ကြံ့ဖွံ့များလည်းရောက်ရှိနေကြောင်း။

**မေ ၁၉ ၊ NYT ॥ ॥** သူရဲဘောကြောင်သော နအဖသည် ပြည်သူပြည်သားများ၏အုံကြွမှု ဂလဲ့စားချေမှုများကိုကြောက်ရွံ့နေပြီး အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို အလွန်အမင်းကြောက်နေကြောင်း။

**မေ ၁၉ ၊ American Chronicle ॥ ॥** ကမ္ဘာ့နိုင်ငံများသည် ညီညွတ်စွာ နအဖ၏ဒေါ်စုပေါ်လီဆည်စွဲဆိုမှုကို အပြစ်တင်သင့်ကြောင်း သတင်းအာဘော်မှ တိုက်တွန်း၏။

**မေ ၂၀ ၊ BRUSSELS ॥ ॥** ဒေါ်စုအား ၂၀၁၀ ရွေးကောက်ပွဲမပါနိုင်ရန် နအဖ၏ အမှုလိမ်စွဲခြင်းကို ITUC နိုင်ငံတကာကုန်သွယ်မှုအဖွဲ့များအစည်းအရုံး မှဆို၏။

**မေ ၂၀ ၊ Irrawaddy ॥ ॥** ဗိုလ်ချုပ်သန်းရွှေအား အပြည်ပြည်ဆိုင်ရာခုံရုံး ICC တင်သင့်ပြီဟု မြန်မာရေးများကောင်စီနှင့် အရှေ့တီမောသမတဟိုစေးတို့မှစဉ်စား၏။

**မေ ၂၀ ၊ Bloomberg ॥ ॥** နအဖမှ ဒေါ်အောင်ဆန်းစုကြည်အားလွှတ်ရန် အီးယူသည် တရုတ်အား အကူအညီတောင်းဖွယ်ရှိ၏။

**မေ ၂၀ ၊ KL ॥ ॥** ကမ္ဘာတလွှားရှိ မလေးရှားခရိယန်ဘုရားရှိခိုးကျောင်းများမှ ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးကို ဆုတောင်း၏။

**မေ ၂၀ ၊ Times of India ॥ ॥** မိမိအမှုစစ်နေစဉ် ဒေါ်အောင်ဆန်းစုကြည်သည် ထိုအမှုကိုအရင်းပြု၍ နိုင်ငံတော်ပြန်လည်သင့်မြတ်ရေးအတွက် အသုံးပြုနေကြောင်း။

**မ ၂၀ ၊ Guardian ॥ ॥** ရွေးကောက်ပွဲမတိုင်မီ ဒေါ်အောင်ဆန်းစုကြည်အား ချည်ပြီးတုပ်ပြီးလုပ်ရန် နအဖ၏ အကြံကုန်ဂျွန်ဆားချက်သည့် ဒေါ်အောင်ဆန်းစုကြည်အား အမှုဆင်စွဲဆိုမှုသည် ဒီမိုကရေစီလှုပ်ရှားသူများအားသွေးစီး၊ ကမ္ဘာအား သူမဖက်မှ ရပ်တည်ရန်ပို့လိုက်ကြောင်း။

**မေ ၂၀ ၊ Straits Times ॥ ॥** တတိယနေ့တွင် ဒေါ်အောင်ဆန်းစုကြည်သည် အပြုံးမပျက်ယုံကြည်ချက်ဖြင့် အမှုရင်ဆိုင်ခဲ့ကြောင်း ကြည့်ရှုခွင့်ရ သံတမန်များမှဆို၏။

**မေ ၂၀ ၊ SAN JOSE ॥ ॥** ဒေါ်အောင်ဆန်းစုကြည်အား အမှုလိမ်စွပ်စွဲတရားစီရင်ခြင်းသည် မျက်နှာပြောင်အမှုလိမ်စွဲခြင်းဟု Costa Rica အစိုးရသည် Desmond Tutu, Jody Williams, Rigoberta Menchu အပါအဝင်နိုဘဲလ်ဆုရှင် ၉ ဦးမှ နအဖအား ပြစ်တင်စွပ်စွဲ၏။

**မေ ၂၀ ၊ WTN ॥ ॥** ဒေါ်အောင်ဆန်းစုကြည်အပေါ် အမှုစွဲတင်မှုသည် အဓိပ္ပါယ်မရှိ လက်ခံဖွယ်မရှိကြောင်း အမေရိကန်နိုင်ငံခြားရေးတာဝန်ခံ Hillary Clinton မှဆို၏။

**မေ ၂၁ ၊ BKK ॥ ॥** နအဖသည် ဒေါ်အောင်ဆန်းစုကြည်အား အကွက်ဆင် စွဲချက်တင်နေသော်လည်း တရားမဝင်ကြောင်း AltAsean မှ Debbie Stothard မှဆို၏။ ဒေါ်အောင်ဆန်းစုကြည်အားလွှတ်ရန် ကမ္ဘာတလွှားနိုင်ငံများ၊ အဖွဲ့များ၊ ပုဂ္ဂလိကများမှ ဂရုနာဒေါသဖြင့် နအဖသို့တောင်းဆို၏။

**မေ ၂၁ ၊ JT ॥ ॥** နအဖသည် အပြည်ပြည်ဆိုင်ရာစံများကို လျစ်လျူရှုခြင်းဖြင့် တန်ပြန်အကြိုးသက်ရောက်မှုရောက်နိုင်သည်ကိုသိသင့်သလို၊ နအဖအား ဒီမိုကရေစီကျစွာ ပြုမူရန် တကယ်ထိရောက်သည့် ဆွယ်မှုလုပ်ရန် ကမ္ဘာ့နိုင်ငံများ အထူးသဖြင့် အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများသည် ပြုလုပ်ရန် ယခုသည်အချိန်ကိုက်ဖြစ်၏။

**မေ ၂၁ ၊ UN ॥ ॥** ဘန်ကီမွန်းသည် မြန်မာသို့အမြန်ဆုံးသွား၍ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးရန် ပြောဆိုမည်။

**မေ ၂၁ ၊ Bernama ॥ ॥** ၁၅ နှစ်ကာလကျော် ကုလသမဂ္ဂအဖွဲ့အစည်းများမှ မြန်မာလူ့အခွင့်အရေးဖေါက်ဖျက်မှုများအပေါ် ပြစ်တင်ဝေဖန်ခဲ့သည်ကိုထောက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီအား မြန်မာအပေါ်အရေးယူရန် ဟားဘဒ်ဥပဒေတက္ကသိုလ်အပြည်ပြည်ပြည်ဆိုင်ရ လူ့အခွင့်အရေးသုံးသပ်မှုစာတမ်းကို ကမ္ဘာ့ထိပ်သီး ဥပဒေဝိဇ္ဇာများမှပူးပေါင်းရေးသားသည့် ယနေ့ဖြန့်ဝေမည့် မြန်မာ၏ရာဇဝတ်ပြစ်မှုများ Crimes in Burma မှတောင်းဆို၏။

**မေ ၂၁ ၊ PARIS ॥ ॥** အီးယူသည် မြန်မာအပေါ်ထပ်ဆင့်အရေးယူလျှင် အီးယူမှ မြန်မာတွင် တခုတည်းသောအကြီးဆုံး ရင်းနှီးမြှုပ်နှံသူ ပြင်သစ်မှ တိုတဲလ်ကုမ္ပဏီအား ထိခိုက်မည်ဖြစ်ပြီး တိုတဲလ်ထွက်သည်ရှိသော် တရုတ်မှအစားဝင်မည်ဖြစ်၍ ပြင်သစ်အစိုးရ အကျပ်ရိုက်နေ၏။

**မေ ၂၁ ၊ LDN ॥ ॥** ဒေါ်အောင်ဆန်းစုကြည်အပေါ် လုပ်ကြံတရားစွဲမှုစသည်များရပ်တန်းမှ ရပ်ရန် ယူကေ နိုင်ငံခြားရေးတာဝန်ခံမှ သတိပေး၏။

**မေ ၂၁ ၊ Mizzima ॥ ॥** ဒေါ်အောင်ဆန်းစုကြည်၏ အမှုအား မေ ၂၂ သို့ ချိန်းလိုက်၏။

**မေ ၂၁ ၊ Mizzima ॥ ॥** ဒေါ်အောင်ဆန်းစုကြည်အား ယုံကြည်လေးစားကြောင်းနှင့် သူမသည် မြန်မာတိုင်းရင်းဖွားများအား ရင်ကြားစေ့နိုင်ပြီး စစ်မှန်သောပြည်ထောင်စုဖန်တီးနိုင်မည်ဟု ယုံကြည်မျှော်လင့်ကြောင်း Duwa Mahkaw Hkunsa (ENC အတွင်းရေးမှူး) မှဆို၏။

**မေ ၂၁ ၊ Mizzima ॥ ॥** လုံခြုံရေးကောင်စီသည် နအဖမှ ဒေါ်အောင်ဆန်းစုကြည်အပေါ် ပြစ်ဒဏ်တရပ်စီရင်က ချက်ချင်းဝင်ရောက်ဖြေရှင်းအရေးယူရန် သူမ၏အပြည်ပြည်ဆိုင်ရာရှေ့နေ Jared Genser (Freedom Now) ဥက္ကဋ္ဌမှ ဆို၏။

**မေ ၂၁ ၊ The Economist ॥ ॥** ဒေါ်အောင်ဆန်းစုကြည်အား နအဖမှအကြံကုန် ဂျွန်ဆားချက်သလို ကြံစည်အမှုလိမ်စွဲမှုတွင် ဒေါ်အောင်ဆန်းစုကြည်သည် တရားရုံးတွင် တည်ငြိမ်အေးချမ်း၊ ကိုယ်နေဟန်တဲ့မတ်စွာ အားအင်အပြည့်ဖြင့် ရင်ဆိုင်ခဲ့သည်ဟု အမှုကြားနားစဉ်ရှိခဲ့ ဗြိတိန်သံမတ် Mark Canning မှဆို၏။

**မေ ၂၁ ၊ Irrawaddy ॥ ॥** ဟံသာဝတီဦးဝင်းတင်(၈၀)အပေါ် ကြံ့ဖွံ့မှခြောက်လှန့်မှုများပြုလုပ်ခဲ့၍ ဦးဝင်းတင် ထိပ်ဆုံးထားလျှက် အဲန်အဲလ်ဒီအဖွဲ့ဝင်များနှင့် ဒီမိုကရေစီလှုပ်ရှားသူများ၏လုံခြုံရေးကို မိမိအထူးစိုးရိမ်နေကြောင်း ရှေ့နေဦးအောင်သိန်းမှဆို၏။

**မေ ၂၁ ၊ Irrawaddy ॥ ॥** ဒေါ်စုအမှုစစ်ဆေးနေစဉ် သတင်းထောက် ၁၀ ဦးနှင့် သံတမန် ၃၀ ဦးတို့အား နအဖသည် ခေတ္တဝင်ရောက်ကြည့်ရှုခွင့်ပြုခဲ့ကြောင်း။

**မေ ၂၁ ၊ SPR ॥ ॥** အမှုတတိယနေ့ မေ ၂၀ တွင် ဒေါ်အောင်ဆန်းစုကြည်အမှုကြားနာအပြီး နအဖသည် စင်္ကာပူသံအမတ်(မြန်မာတွင် အကြာဆုံးသံအမတ်)၊ ထိုင်းသံအမတ်(လက်ရှိအာဆီယံအလှည့်ကျ ဥက္ကဋ္ဌ)နှင့် ရုရှားသံအမတ် (ကုလလုံခြုံရေးကောင်စီ အလှည့်ကျသဘာပတိ) တို့သုံးဦးကို ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်ပေးခဲ့ကြောင်း စင်္ကာပူမှဆို၏။ အဆိုးထဲမှ အကောင်းဖြစ်အောင်လုပ်ရန် နောက်မကျသေး၍ ပြန်လည်စေ့စပ်ရေးလုပ်နိုင်ကြောင်း ဒေါ်စုမှဆိုကြောင်း။

**မေ ၂၂ ၊ AP ॥ ॥** ဒေါ်အောင်ဆန်းစုကြည်နေကောင်းသည်ကို သံတမန်နှင့် သတင်းထောက်များသိရန် ဖွင့်ပေးပြီးနောက် နအဖသည် အမှုကိုပြန်တံခါးပိတ်စစ်ဆေးနေ၏။

**စာမျက်နှာ ၁၆ သို့**

# ဒေါ်အောင်ဆန်းစုကြည်ကို ရုံးထုတ်စစ်ဆေးသည့် ဒုတိယနေ့ အခြေအနေ

**DVB၊ မေ ၁၉။** ။ ဒီနေ့ဟာ ဒေါ်အောင်ဆန်းစုကြည်ကို ဒုတိယအကြိမ် ရုံးထုတ်စစ်ဆေးမယ့်နေ့ဖြစ်ပါတယ်။ ဒီနေ့မနက်ပိုင်း လှုပ်ရှားမှုအခြေအနေတွေကို တင်ပြလိုက်ပါတယ်။

မနက် ၇ နာရီ လုံခြုံရေးအစီအမံများ မနေ့ကအတိုင်းစီစဉ်ထား။ လူမြင်ကွင်းတွင် လက်နက်ကိုင်များ၊ စွမ်းအားရှင်များ လျော့နည်းသွား။ ရန်ကုန်မြို့တွင်း အခြားနေရာများတွင် မနေ့က အင်းစိန်တွင် ဖြစ်ပျက်ခဲ့ သည့် ကိစ္စရပ်ရဲ့ရိုက်ခတ်မှု အကျိုးဆက် ကြီးကြီးမားမား တခုမှမတွေ့ရ။ အဝေးပြေးကားများနဲ့ ရန်ကုန်မြို့သို့ လာတာကိုထိန်းချုပ်ထားမှုမျိုး မနေ့ညကမတွေ့ရ၊ ဒေါ်အောင်ဆန်းစုကြည်၏ တရားခွင်ကိစ္စအပေါ် ပြည်သူလူထု၏ စိတ်ဝင်စားမှု အရှိန်အဟုန်မြင့်မားနေကြောင်းသိရ။ အင်းစိန်ထောင်အနီးရှိ ဦးဝင်းတင်နေထိုင်ရာ အိမ်ကို ဝင်ထွက်ရာလမ်းကို လက်နက်ကိုင်ရဲများက လုံခြုံရေးယူပြီး လမ်းပိတ်ထား။ အဲဒီလမ်းကို လာတဲ့သူ အားလုံးကိုအမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာတောင်းယူပြီး မှတ်တမ်းတင်ခြင်းများပြုလုပ်နေ။

မနက် ၈ နာရီ ၁၈ မိနစ် အင်းစိန်ထောင်အနီးမှာ လုံခြုံရေးချထားတဲ့ လုံထိန်းတပ်ဖွဲ့ဝင်တွေ မနေ့ကလိုပဲ ထောင်နဲ့ချီရှိ၊ မနေ့က ဒေါ်အောင်ဆန်းစုကြည် အမှုကို ပထမဆုံးစတင်ကြားနာခဲ့ပြီး ရှေ့နေတွေ နေ့လည် ၂ နာခွဲလောက်ထောင်ထဲက ပြန်ထွက်လာပြီးနောက်ပိုင်း ၃ နာရီလောက်မှာ သံဆူးကြိုးတွေချပြီး ပိတ်ထားတဲ့လမ်းတွေကို ပြန်ဖွင့်ပေး၊ ည ၁၂ နာရီကစလို့ လမ်းတွေကို မနေ့ကလိုပြန်ပိတ်ထားလိုက်ပြီး လုံထိန်းတပ်ဖွဲ့ဝင်တွေ၊ စွမ်းအားရှင်တွေနဲ့ကြံ့ခိုင်ရေး အသင်းဝင်တွေစောင့်ကြည့်။ မနေ့ မနက် ၁၁ နာရီမှာ ပိတ်လိုက်တဲ့ အင်းစိန်ဈေးကြီး ဒီနေ့မနက်ပိုင်းမှာ ဆိုင်တချို့ပြန်ဖွင့်နေတယ်လို့ မြို့ခံတဦးကပြော။ သွားလာတဲ့လူတွေကို အိတ်တွေဖွင့်ရှာတာမျိုးတွေရှိတယ်လို့ပြော။

ဒီနေ့ ဒုတိယ အကြိမ်ရုံးချိန်းကို ပြည်သူလူထုက မနေ့ကလိုပဲ စောင့်နားထောင်ဖို့ လာနေကြဆဲဖြစ်တယ်လို့ အဖွဲ့ချုပ်ဝင်တွေကပြော၊ ပိတ်ထားတဲ့လမ်းတွေကတော့–အင်းစိန်မီးရထား ဂုံကျော်တံတား–အင်းစိန်ဈေးရှေ့–ဘုရင့်နောင်လမ်းဆုံအနီးပေါက်တော၀ မနက် ၉ နာရီ ထောင်ဝင်စာတွေ့မည့်သူများကို အင်းစိန်ထောင်ဂိတ်မှ မှတ်တမ်းရေးသွင်းပြီး ဝင်ခွင့်ပြု၊ မနက် ၁၀ နာရီ ဦးဝင်းတင်နေအိမ်အပြင်ထွက်။ လူငယ်များလည်း အတူလိုက်ပါလာ။ လူငယ်များ အားလုံး စိတ်အားထက်သန်စွာဖြင့် ဦးဝင်းတင်အားမေးသောမေးခွန်းက…"ကျနော်တို့၏ ဘာလုပ်ရမလဲ။" မနက် ၁၁ နာရီ ၃၀ မိနစ် ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်းဆုံအနီးတွင် ဒေါ်အောင်ဆန်းစုကြည်အပေါ် မတရားအမှုဆင် ဖမ်းဆီးချုပ်နှောင်မှုကို မကျေနပ်သည့်လူငယ်တစုမှ ကန့်ကွက်ဆန္ဒထုတ်ဖော်နေကြသဖြင့် အာဏာပိုင်များနှင့် အခြေအတင်အခင်းဖြစ်ပွားနေကြောင်း သတင်းရ။ ဦးဝင်းတင် မနေ့က နေရာမှာပင်ရောက်ရှိ၊ အင်းစိန်ထောင်ဝင်ပေါက်ဝအနီးတွင် မနေ့ကအတိုင်း လူ ၄၀၀ ခန့်စုရုံးရောက်ရှိနေ။ ထောက်လှမ်းရေးများ လူအုပ်ကြားထဲတွင် ပေါ်ပေါ်ထင်ထင် သွားလာနေကြပြီး တယ်လီဖုန်းများဖြင့် သတင်းပေးပို့နေ၊ ၁၁ နာရီ ၃၀ မိနစ်၊ အခင်းဖြစ်ပွားရာနေရာများမှာရှိနေတဲ့ လူတွေနဲ့လမ်းသွားလမ်းလာတွေကို တဦးချင်းဓာတ်ပုံမှတ်တမ်းရိုက်ယူနေကြောင်း သိရပါတယ်။

ပြဿနာကြီးကြီးမားမား ရှိတဲ့သတင်းကို မကြားသိရသေးပါ။ နေ့လည် ၁ နာရီ ၃၀ မိနစ်၊ ဒေါ်အောင်ဆန်းစုကြည် တရားရုံးထုတ်ကို လာစောင့်နေသူ ၅၀၀ ခန့် ရှိမယ်လို့ ခန့်မှန်းရပါတယ်။ လမ်းပိတ်ဆို့မှုတွေက အရင်နေ့ကလိုဖြစ်ပြီး လုံခြုံရေး ပိုမိုတင်းကျပ်လာပါတယ်။ ဦးဝင်းတင်နဲ့ လူငယ်တွေ မနေ့ကထိုင်ခဲ့တဲ့ အင်းစိန်မီးသတ်ရှေ့ ထောင်အဝင်ဝနဲ့ ဓားလွယ်ခုတ်နေရာမှာ ထိုင်နေတာကို လုံထိန်း ၃၀ ခန့်ရောက်လာပြီး နေရာဖယ်ခိုင်းလို့ အင်းစိန်ဈေးဘက်ကို ပြောင်းရွှေ့ပေးခဲ့ရပါတယ်။ သတင်းပေးပို့ချိန်မှာ မိုးအနည်းငယ်ရွာနေလို့ ဈေးအမိုးတွေအောက်မှာ အားလုံးမိုးခိုရင်း စောင့်ဆိုင်းနေကြရပါတယ်။ ဦးဝင်းတင်တို့ကို လုံထိန်း ၃၀ ခန့်က စောင့်ကြည့်နေတာပါ။ မြန်မာစံတော်ချိန် နေ့လည် ၁ နာရီခန့်အထိ အဖမ်းအဆီးသတင်း မရရှိသေးပါ။

ရွှေဆိုင်တွေကလွဲပြီး ကျန်ဈေးဆိုင်တွေကို လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပေးထားပြီး လမ်းဘေးဈေးသည်၊ ပျံကျဈေးသည်တွေကို ဈေးကောက် မကောက်ဘူးလို့ ဈေးသည်တွေက ပြောပါတယ်။ ယူနီဖောင်းဝတ် လုံခြုံရေးတွေကို တပ်ဖျောက်ထားပြီး ကြံ့ဖွံ့နဲ့စွမ်းအားရှင်တွေကိုသာ လူထုနှင့်ရင်ဆိုင်ပေးထားတယ် လို့ မျက်မြင်သက်သေတချို့ကပြောပါတယ်။ အများသုံးတယ်လီဖုန်းတွေနားမှာ အရပ်ဝတ်ထောက်လှမ်းရေးလို့ ယူဆရသူတွေ စောင့်ကြည့်နေတယ်လို့သိရှိရပါ တယ်။ ညနေ ၃ နာရီ ညနေ ၃ နာရီခန့်တွင် ဦးဝင်းတင်ဦးဆောင်တဲ့ အန်အယ်လ်ဒီ အဖွဲ့ဝင်တွေနဲ့ ပြည်သူများ အင်းစိန်ထောင်ပေါက်ဝက ပြန်လည်ထွက်ခွာ။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ အကျိုးဆောင် ရှေ့နေတွေလည်း ပြန်ထွက်လာကြပါတယ်။ အခြေအနေအားလုံး အေးအေးဆေးဆေး ပြီးဆုံးလို့သိရပါတယ်။ ညနေ ၄ နာရီ ၁၅ မိနစ် ညနေပိုင်းမှာ ကျောက်မြောင်းထဲမှာ အရန်မီးသတ်နဲ့စွမ်းအားရှင်တွေအားလုံးကို ရယကရုံးရှေ့မှာ စုခိုင်းထားပြီး တော်တော်များများကို ရပ်ကွက်ထဲမှာဖြန့်ချထားတာတွေ့ရပါတယ်။ အရံမီးသတ်မှ ဒေါ်အုံးခင်က ပုဒ်မ ၁၄၄ ထုတ်ပြန်မယ်လို့ သူ့အနေနဲ့ ယူဆကြောင်းပြောပါတယ်။ မနေ့ညက ဗဟန်းမြို့နယ်ထဲမှာ အချိန်မတော် အုပ်စုဖွဲ့သွားလာမှုနဲ့ ညဘက် အပြင်ထွက်သူတချို့ကို ဖမ်းဆီးတယ်လို့ ဆိုပါတယ်။

ရပ်ကွက်ထဲက ဆိုက်ကားသမားတွေ ကိုလည်း လုပ်အားပေးခိုင်းဖို့လို့ အကြောင်းပြပြီး ရယကရုံးမှာ ခေါ်ထားတယ်လို့ ကျောက်မြောင်းထဲက ဆိုက်ကားသမားတဦးကပြောပါတယ်။ ပုဒ်မ ၁၄၄ ကို ရပ် ကွက် (သို့မဟုတ်) မြို့နယ်အလိုက် ထုတ်ပြန်သွားဖို့ စီစဉ်နေတယ်လို့ မြို့ခံတွေက ပြောဆိုနေကြပါတယ်။ ရပ်ကွက်အတွင်းမှာ ပုဒ်မ ၁၄၄ သတင်း ထွက်ပေါ်နေသောကြောင့် အင်တာနက်ဆိုင်တွေအပါအဝင် တခြားဆိုင်တွေပါ စောစောပိတ်ရန်စီစဉ်နေကြောင်း အင်တာနက်ဆိုင်ပိုင်ရှင်တဦးကပြော။

# ရန်ကုန် မန္တလေးတွင် လုံခြုံရေးတင်းကျပ်

**DVB၊ မေလ ၁၉။** ။ အင်းစိန်ထောင်အတွင်း နအဖအထူးတရားရုံးမှာ ဒေါ်အောင်ဆန်းစုကြည်ကို ရုံးထုတ်စစ်ဆေးနေတာကြောင့် ရန်ကုန်၊ မန္တလေး စတဲ့မြို့ကြီးတွေမှာ အာဏာပိုင်တွေက လုံခြုံရေးကို တင်းကျပ်ထားဆဲဖြစ်ပါတယ်။

ဒီနေ့ဟာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဒုတိယအကြိမ် ရုံးထုတ်စစ်ဆေးတာကြောင့် ရန်ကုန်လမ်းမတွေပေါ်မှာ လက်နက်ကိုင် ရဲတပ်ဖွဲ့ဝင်တွေ၊ ကြံ့ဖွံ့၊ စွမ်းအားရှင် စတဲ့ စစ်အစိုးရဘက် တော်သားတွေကို ဝတ်စုံပြည့်ရော၊ အရပ်ဝတ်နဲ့ပါ တွေ့နေရတယ်လို့ ရန်ကုန်မြို့ခံတဦးက ပြောပါတယ်။

"မော်တော်ပီကယ်တွေရော၊ အစောင့်တွေရော လမ်းရှေ့မှာ အကုန်လုံးပဲ။ ကားဂိတ်တွေမှာလည်း အရပ်ဝတ်တွေနဲ့ရော၊ ယူနီဖောင်းတွေနဲ့ရော နည်းတာမဟုတ်ဘူး။ အရမ်းသိသာတယ်၊ ကြောက်နေမှန်း။"

ရွှေဂုံတိုင်မှာရှိတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဌာနချုပ်ရှေ့က လုံခြုံရေးချ ထားတဲ့အခြေအနေကို အဖွဲ့ချုပ်ဗဟိုပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်ကပြောပါတယ်။

"ရုံးရှေ့မှာ လုံခြုံရေးကတော့ ဒိုင်နာကား ၂ စင်း၊ ဘီအမ်ကား တစင်း၊ ကြံ့ဖွံ့က အင်အားအပြည့်ချထားတယ်၊ ရဲကားတွေလည်းချထားတယ်၊ အရပ်ဝတ်နဲ့ ရုံးရှေ့မှာ ဆိုင်တွေဘာတွေမှာ နေတတ်တဲ့ ရဲတွေကလည်း အင်အား ၂ ဆလောက်တိုးထားတယ်။"

တရားဝင်ရပ်တည်နေတဲ့ နိုင်ငံရေးပါတီရုံးရှေ့မှာ အခုလို အာဏာပိုင်တွေလာရောက်စောင့်ကြပ်နေတာကြောင့် "မှတ်ပုံတင်ထားတဲ့ နိုင်ငံရေးပါတီဆိုတော့ ပါတီလုပ်ငန်းတွေ ပုံမှန်လုပ်ဆောင်နေတာပဲ။ တရားဝင်ခွင့်ပြုထားတဲ့ နိုင်ငံ ရေးပါတီ

**စာမျက်နှာ ၁၉ သို့**

# သတင်းတိုထွေ ဖတ်စရာကဏ္ဍ

ကျော်စိုးငွေး



## ဘန်ကီမွန်းမြန်မာပြည်သွားမည်

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းဟာ ဒေါ်စုနဲ့ နိုင်ငံရေး အကျဉ်းသားတွေပြန်လွှတ်ရေးအတွက် မြန်မာနိုင်ငံကို ဖြစ်နိုင်သမျှ အမြန်ဆုံး သွားရောက်မယ်လို့ ပြောဆိုလိုက်ပါတယ်။ ဒီအတွက် အထူးကိုအလေးထား ဆွေးနွေးနေတယ်လို့ဆိုပါတယ်။ ဒေါ်စုကို ထောင်ချမယ်ဆိုတာကို လက်မခံ နိုင် ဘူးလို့ ယွ္ဌ သတင်းဌာနကို ပြောဆိုလိုက်ပါတယ်။ **(Bloomberg, 22.5.2009)**

## နိုဘဲလ်ဖိအား

မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ကို စစ်အာဏာရှင်တွေက ဆက်လက်ဖမ်းချုပ်နိုင်ဖို့ကြိုးပမ်းတဲ့လုပ်ရပ်အဖြစ် ရှုမြင်လို့ရတဲ့ တရားရုံးတင်စစ်ဆေးမှုကို တကမ္ဘာလုံးက ဝိုင်းဝန်းကန့်ကွက်ရှုတ်ချနေတဲ့အထဲမှာ နိုဘဲလ်ငြိမ်းချမ်းရေးဆုရှင်များလည်းပါဝင်ပါတယ်၊ သူတို့တတွေက အတုအယောင်လုပ်တဲ့ဒီ တရားရုံးတင်စစ်ဆေးမှုကိုရပ်လိုက်ပါဆိုပြီးတောင်းဆိုပါတယ်။ အဲဒီလိုကမ္ဘာ ကကန့်ကွက်ကြတဲ့အထဲမှာ ရှားရှားပါးပါးပါဝင်လာတာက နော်ဝေးနိုဘဲလ် ကော်မတီပဲဖြစ်ပါတယ်။ ဒီလုပ်ရပ်ကို လုံးဝလက်မခံနိုင်ဘူးဆိုပြီး နအဖထံ အိပ်ဖွင့်ပေးစာတစောင်ပေးပို့ခဲ့တယ်လို့ သိရပါတယ်။ **(AFP, 19.5.2009)**

## ကျန်းမာရေးအထောက်အပံ့ပြန်လိုချင်တယ်

နအဖစစ်အာဏာပိုင်တွေဟာ Global Fund ကနေ ကူညီထောက်ပံ့မှုတွေ ပြန်လိုချင်တဲ့အတွက် ဆွေးနွေးမှုတွေလုပ်နေတယ်လို့သိရပါတယ်။ ဇွန်လ ၁ ရက်နေ့နောက်ဆုံးထားပြီး လျှောက်လွှာတင်ရမို့ Globan Fund ကြပ်ပြေးနေပြည်တောင်မှာတွေ့ဆုံမှုတွေလုပ်နေပါတယ်။ ငှက်ဖျား၊ AIDS / TB ရောဂါတွေအတွက်ကူညီပေးနေတဲ့ Globan Fund ဟာ နအဖရဲ့ကန့်သတ်ချုပ်ချယ်မှုတွေကြောင့် ၂၀၀၅ ခုနှစ်မှ လုပ်ငန်းတွေရပ်ဆိုင်းပြီး နိုင်ငံကနေ ထွက်ခွာသွားခဲ့ပါတယ်။ **(XINHUA, VOB, 19.5.2009)**

## ရေအားလျှပ်စစ်တဲ့

မြန်မာပြည်မှာလျှပ်စစ်မီးမလုံလောက်တာကြောင့် ပြည်သူတွေကြားထဲမှာ စိတ်ပျက်မကျေနပ်မှုတွေတိုးသထက်တိုးနေပါတယ်၊ ဒါပေမဲ့လည်း စစ်အာဏာပိုင်တွေကတော့ နိုင်ငံတွင်းမှာ ရေအားလျှပ်စစ်ထုတ်လုပ်ရေးအတွက် တည်ဆောက်မှုတွေကို လုပ်နေတယ်ဆိုတဲ့သတင်းတွေကို စဉ်ဆက်မပြတ် ဖော်ပြနေရုံမကဘူး၊ သတင်းစာခေါင်းကြီးပိုင်းမှာပါ ရွှေလီ၊ ရဲရွာ၊ ဇော်ဂျီ၊ မုံးစတဲ့မြစ်တွေကတည်ဆောက်ရေးလုပ်ငန်းတွေကြောင့် တိုင်းပြည်ကြီးမှာ လျှပ်စစ်ဓာတ်အားတွေ ဘယ်လောက်တိုးတက်ရရှိတော့မယ်ဆိုတာတွေကို ရေးသားဖော်ပြနေပါတယ်။ **(VOB, XINHUA, 18.5.2009)**

## အစိုးရဆန့်ကျင်ရေးပြည်တွင်းပြည်ပအုပ်စုလက်ချက်

နအဖနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းက ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဟီရိုးဖုမိ နာကာဆိုနေကို အမေရိကန်နိုင်ငံသားတဦး ရေကူးပြီး ဒေါ်စုနေအိမ်ထဲကို ရောက်လာတာဟာ ပြည်တွင်းပြည်ပက စစ်အစိုးရဆန့်ကျင်ရေးအုပ်စုတွေရဲ့ လက်ချက်လို့ပြောလိုက်ပါတယ်။ ဒီလိုစကားမျိုးကို စစ်အာဏာရှင်တွေဟာ သူတို့အုပ်ချုပ်နေတဲ့ ကာလတလျှောက်လုံးအမြဲပြောဆိုနေပါတယ်။ **(AP, 22.5.2009)**

## ရှင်းပေတော့ဉာဏ်ဝင်းရေ

မေလ ၂၅ ရက်နေ့ကျရင် ဗီယက်နမ်မှာ အာရှ–ဥရောပ အာဆမ် နိုင်ငံခြား ရေးဝန်ကြီးများအစည်းအဝေးကို ကျင်းပမှာဖြစ်ပါတယ်၊ ကမ္ဘာ့ငွေကြေးအကျပ်အတည်းကြောင့်စီးပွားရေးကျဆင်းလာမှုကို အဓိကထားဆွေးနွေးကြမှာဖြစ်ပေမဲ့ ဒေါ်စုကိစ္စကတော့ သီးခြားဆွေးနွေးပွဲတွေမှာ သေချာပေါက်လွှမ်းမိုးနေမယ့်ကိစ္စဖြစ်ပါတယ်၊ အီးယူဟာ နအဖနိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်းနဲ့သီးခြားတွေ့ဆုံဖို့စီစဉ်ထားပြီးပါပြီ၊ ဒေါ်စုနေအိမ်လုံခြုံရေး၊ ဒေါ်စုကိစ္စနဲ့ပတ်သက်ပြီးထိပ်တန်းစစ်အာဏာရှင်တွေက အဓိကတာဝန်ရှိပေမဲ့လည်း ဦးဉာဏ်ဝင်းက နိုင်ငံခြားရေးတာဝန်ခံဖြစ်တာကြောင့် နအဖထိပ်သီးတွေလုပ် သမျှကို ဒိုင်ခံလိမ်ရ ဖြေရှင်းရပါတော့မယ်။ **(AFP, VOB, 22.5.2009)**

## အီးယူပြစ်ဒဏ်ခတ်မှုနှင့်ပြင်သစ်တိုတယ်ကုမ္ပဏီ

အီးယူက မြန်မာစစ်အာဏာပိုင်တွေအပေါ် ပြစ်ဒဏ်ခတ်မှုအသစ်တွေလုပ်ဖို့ စဉ်းစားနေချိန်မှာ ပြင်သစ်ရဲ့တိုတယ်ရေနံကုမ္ပဏီရဲ့မြန်မာပြည်က ရင်းနှီးမြှုပ်နှံလုပ်ကိုင်မှုတွေထိခိုက်နိုင်တယ်ဆိုတဲ့စိုးရိမ်ချက်တွေ ပြင်သစ်အစိုးရအသိုင်းအဝိုင်းထဲမှာပေါ်ထွက်လာခဲ့ပါတယ်။ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက တိုတယ် ရော မြန်မာပြည်သူတွေပါ ထိခိုက်နိုင်တယ်ဆိုတဲ့သဘောမျိုးပြောဆိုခဲ့ပြီး ဒီလိုအခြေအနေမျိုးမှာ တိုတယ်နဲ့ပတ်သက်ပြီး ဘယ်လိုလုပ်မလဲဆိုတာ နောက်ဆုံးဖြစ်ပျက်နေတဲ့အခြေအနေတွေကို မူတည်ပြီး အစိုးရက ဆုံးဖြတ်ရလိမ့်မယ်လို့ ဆိုပါတယ်။ **(AFP, 20.5.2009)**

## တကယ့်ကိုရှားပါးတဲ့လုပ်ရပ်

ဒေါ်အောင်ဆန်းစုကြည်ကို နအဖ အကွက်ချစီစဉ်တရားစွဲတဲ့လုပ်ရပ်ကြောင့် အာဆီယံကလည်း ထူးထူးခြားခြားအရေးပေါ်ကြေညာချက်တစောင်ထုတ်ပြီး ဒေါ်စုကိုလွှတ်ပေးဖို့နအဖကို တောင်းဆိုခဲ့ပါတယ်၊ အဲဒီလိုတောင်းဆိုပြီး မကြာမီမှာပဲ ဒေါ်စုကို အရေးအတွက်ကန့်သတ်ထားတဲ့ သံတမန်တွေ၊ သတင်းထောက်တွေနဲ့ တွေ့ဆုံခွင့်ပေးခဲ့ပါတယ်။ ဒါဟာနအဖအနေနဲ့ နှစ်ပေါင်း ၂၀ ကျော်အတွင်းမှာ တကယ့်ကိုရှားပါးတဲ့လုပ်ရပ်တခုဖြစ်တာကြောင့်၊ နိုင်ငံ တကာရဲ့ဖိအားတွေကို ဒီတချီမှာ အတော်ကို စိုးရိမ်ထိတ်လန့်တဲ့ပုံထွက်နေပါတယ်။ **(AP, 20.5.2009)**

## အမြန်နှုန်းမြင့် တရားရုံး

ဒေါ်အောင်ဆန်းစုကြည်ကို တရားရုံးတင်စစ်ဆေးလို့ကန့်ကွက်တဲ့အထဲမှာ အာဆီယံလည်းပါဝင်လာပြီးတဲ့နောက်မှာ နအဖဟာ သူ့ဘက်ကသက်သေတွေကို မြန်မြန်ဆန်ဆန်နဲ့ အများအပြားထုတ်လာပြီး ထွက်ဆိုချက်တွေယူနေပါတယ်။ အဲန်အဲလ်ဒီရဲ့ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက ဒီနှုန်းအတိုင်းဆိုရင် တရားရုံးမှာစစ်ဆေးတာတွေဟာ နောက်တပတ်ထဲလောက်မှာပြီးလိမ့်မယ် လို့ တွက်ဆပြောဆိုလိုက်ပါတယ်။ **(AFP, 19.5.2009)**

# ဒေါ်အောင်ဆန်းစုကြည်တရားခွင် အများပြည်သူကြားနာခွင့်ဖွင့်ပေးဘို့တောင်းဆို

**VOA၊ မေလ ၁၉ ။** ။ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာအာဏာပိုင်တွေက တရားစွဲဆိုထားတဲ့ ကြားနာစစ်ဆေးမှုကိုအမေရိကန်ပြည်ထောင်စုအစိုးရနဲ့ အမေရိကန်လွှတ်တော်အမတ်တွေကပါ စိုးရိမ်တကြီးနဲ့ စောင့်ကြည့်နေကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို စစ်ဆေးတဲ့တရားခွင်ကို အများပြည်သူသိရှိအောင်ဖွင့်ပေးပါလို့လည်း အမေရိကန်အစိုးရက တောင်းဆိုပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ အမေရိကန်နိုင်ငံသား John Yettaw တို့အပေါ် စွဲဆိုထားတဲ့တရားခွင်ကို အမေရိကန်အစိုးရအနေနဲ့ အနီးကပ်စောင့်ကြည့်နေတယ်လို့ ပြောရမှာပါ။ ဒီတရားခွင်ကို အများပြည်သူသိရှိနိုင်အောင် ဖွင့်ပေးသင့်တယ်လို့လည်း အမေရိကန်အစိုးရက မြန်မာအာဏာပိုင်တွေကို တောင်းဆိုနေပါတယ်။ တကယ်တော့ ဒေါ်အောင်ဆန်းစုကြည်ကို စွဲဆိုထားတဲ့အမှုဟာ သူမကိုထပ်ပြီး ဖမ်းဆီးထိန်းသိမ်းထားနိုင်ဘို့ အကြောင်းပြချက်ဘဲဖြစ်တယ်လို့ အမေရိကန်အစိုးရအနေနဲ့ယုံကြည်တဲ့အကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန ပြောခွင့်ရသူ Ian Kelly ကပြောသွားပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်ကို အခုစွဲဆိုထားတဲ့စွဲချက်တွေအပေါ် ကျနော်တို့အလွန်တရာစိုးရိမ်ပူပန်မိပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်သက်တမ်းထပ်တိုးဘို့ ဒါမှမဟုတ် ထောင်ဒဏ်ပြစ်ဒဏ်ချမှတ်ဘို့အထိတောင် ပြင်ဆင်တဲ့အကြောင်းပြချက်တခုအနေနဲ့ ဒီစွဲချက်တွေကို အသုံးချတာပါ။ Mr. Yettaw ကိစ္စနဲ့ပတ်သက်လို့တော့ ကျနော်လည်းရှေ့နေမဟုတ်တော့ သူ့အပေါ်တင်ထားတဲ့စွဲချက်မျိုးနဲ့ပတ်သက်လို့ မှတ်ချက်မပေးနိုင်ပါဘူး။ ဒါပေမယ့်လည်း တရားရုံးတင်စစ်ဆေးတာမှန်သမျှကို မြန်မာအာဏာပိုင်တွေအနေနဲ့ ပွင့်ပွင့်လင်းလင်းနဲ့အများပြည်သူနားလည်သိရှိနိုင်ဘို့ မြန်မာစစ်အစိုးရကို တောင်းဆိုပါတယ်။”

မနေ့ကကြားနာမှုကိုတော့ ရန်ကုန် အမေရိကန်သံရုံးတာဝန်ရှိသူတဦး ဝင်ရောက်လေ့လာနိုင်ခဲ့ပါတယ်။ အမေရိကန်နိုင်ငံသား John Yettaw ရဲ့ ကျန်းမာရေး၊ လူမှုရေးကိစ္စတွေအတွက် ကူညီဆောင်ရွက်ဘို့ရှိတယ်လို့ ဆိုပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်နဲ့ အမေရိကန်နိုင်ငံသား John Yettaw တို့စွဲချက်တင်ထားတဲ့တရားခွင်ကို အမေရိကန်သံရုံးတာဝန်ရှိသူတဦးဝင်ရောက်လာပြီး လေ့လာကြားနာခဲ့ပါတယ်။ Mr. Yettaw ကိုတော့ လူဝင်မှုကြီးကြပ်ရေးဥပဒေနဲ့ ဆက်နွယ်နေတဲ့ နိုင်ငံတော်လုံခြုံရေးအတွက် တားမြစ်ထားတဲ့နေရာကို ဖြတ်ကျော်ဝင်ရောက်မှုနဲ့တရားစွဲတာပါ။ ရန်ကုန်မှာရှိတဲ့ အမေရိကန်သံရုံးကတော့ Mr. Yettaw အမှုကိစ္စ၊ သူ့ကျန်းမာရေး၊ လူမှုရေး အစစအရာရာအတွက် စိုးရိမ်တကြီးစောင့်ကြည့်နေပါတယ်။”

အမေရိကန်အစိုးရအနေနဲ့တော့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် မြန်မာအစိုးရက ထိန်းသိမ်းထားတဲ့နိုင်ငံရေးအကျဉ်းသား ၂,၁၀၀ ကျော်ကို ခြွင်းချက်မရှိအမြန်ဆုံးပြန်လွှတ်ပေးဘို့ တောင်းဆိုနေတာပါ။ အခု မြန်မာနိုင်ငံအခြေအနေအတွက် အမေရိကန်အစိုးရအနေနဲ့ ထောင့်ပေါင်းစုံကကြိုးစားနေတယ်လို့လည်း ပြောပါတယ်။

နိုင်ငံခြားရေးဝန်ကြီး Clinton အနေနဲ့ အခုကိစ္စနဲ့ပတ်သက်ပြီး အာဆီယံအတွင်းရေးမှူးချုပ်ကို ဆွေးနွေးပြောထားသလိုဘဲ အခြား ဒေသတွင်းခေါင်းဆောင်တွေနဲ့လည်း ပြောဆိုဆွေးနွေးဘို့ရှိတယ်လို့ဆိုပါတယ်။ အခု ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲဆိုတဲ့အခြေအနေအပေါ်မှာ အမေရိကန်အစိုးရပိုင်းတင်မက အမေရိကန်လွှတ်တော်မှာပါ အတော်လေးစိတ်ဝင်တစား စိုးရိမ်တကြီးရှိကြတယ်လို့ ရီပါဘလစ်ကန်အထက်လွှတ်တော်အမတ် Mitch McConnell ကလည်း ပြောပါတယ်။

“မြန်မာအစိုးရအနေနဲ့ သူ့လုပ်ရပ်တွေဟာ တကမ္ဘာလုံးက ဒီမိုကရေစီနိုင်ငံတွေကို အတော်လေးစိတ်အနှောင့်အယှက်ပေးနေတယ်ဆိုတာ သတိပြုသင့်ပါတယ်။ ဒီအခြေအနေတွေဟာ အမေရိကန်အစိုးရအဖွဲ့အသစ်ထဲမှာတင်မကဘူး ဗမာပြည်သူတွေဘက်က အခိုင်အမာထောက်ခံထားတဲ့ အမေရိကန်လွှတ်တော်ထဲအထိပါ ဂယက်ရိုက်ခတ်မှုရှိပါတယ်။ ကျနော်နဲ့အတူ လွှတ်တော်နှစ်ရပ်လုံးက အမတ်မင်းတွေဟာ အခု ဒေါ်အောင်ဆန်းစုကြည်ရဲ့တရားခွင်ကို စိုးရိမ်တကြီးစိတ်ဝင်တစား စောင့်ကြည့်နေကြပါတယ်။”

အမေရိကန်အစိုးရကတော့ မြန်မာနိုင်ငံဆိုင်ရာမူဝါဒတွေကို ပြန်ပြီးသုံးသပ်နေဆဲရှိပေမယ့် သောကြာနေ့ကတော့ မြန်မာနိုင်ငံအပေါ်ချမှတ်ထားတဲ့ အရေးယူဒဏ်ခတ်မှုဥပဒေကို နောက်ထပ်တနှစ်သက်တမ်း သမတအိုဘားမားကတိုးလိုက်ပါတယ်။ အမေရိကန်လွှတ်တော်ဘက်ကတော့ သမတအိုဘားမားရဲ့ မြန်မာ့အရေးချဉ်းကပ်ကိုင်တွယ်မှုတွေအပေါ် ပူးပေါင်းဆောင်ရွက်သွားဘို့ အသင့်ရှိပါတယ်လို့ အထက်လွှတ်တော်အမတ် မစ်ချ်မက်ကော်နဲလ်ကပြောပါတယ်။

“မြန်မာအစိုးရအပေါ် အမေရိကန်ပြည်ထောင်စုရဲ့ ဒဏ်ခတ်အရေးယူမှုနောက်တနှစ်သက်တမ်းတိုးလိုက်တဲ့ သမတအိုဘားမားအစိုးရရဲ့ ပြီးခဲ့တဲ့အပတ်ကဆုံးဖြတ်ချက်ဟာမှန်ကန်တယ်လို့ ကျနော့်အနေနဲ့သြဘာပေးထောက်ခံပါတယ်။ အစိုးရအဖွဲ့အနေနဲ့ မြန်မာနိုင်ငံဆိုင်ရာမူဝါဒကို ပြန်သုံးသပ်ပြီးတာနဲ့ အစိုးရအဖွဲ့နဲ့အတူ မြန်မာ့အရေးတွေအတူတကွဆောင်ရွက်နိုင်ဘို့ မျှော်လင့်ထားပါတယ်။”

အမေရိကန်အစိုးရအနေနဲ့တော့ မြန်မာ့ဒီမိုကရေစီရေးအတွက် အရေးယူဒဏ်ခတ်မှုဆိုတဲ့ နည်းလမ်းအပါအဝင် နည်းလမ်းအားလုံးကို စဉ်းစားနေတယ်လို့ နိုင်ငံခြားရေးဌာနပြောခွင့်ရသူကပြောပါတယ်။ ဒါပေမယ့်လည်း အခုအချိန်မှာတော့ အသေးစိတ်ထုတ်ဖော်မပြောနိုင်သေးဘူးလို့ ဆိုပါတယ်။ ဒါပေမယ့် အခုလို အမေရိကန်အစိုးရက မြန်မာ့အရေးမူဝါဒပြန်ပြီးသုံးသပ်နေတဲ့အချိန်မှာဘဲ ဒေါ်အောင်ဆန်းစုကြည်အမှုကိစ္စဖြစ်လာတာဟာ မူဝါဒပြန်လည်စဉ်းစားသုံးသပ်မှုမှာ ထည့်သွင်းပါလာမယ့်အချက်ဆိုတာကတော့ သေချာတယ်လို့ ပြောရမှာဖြစ်ပါတယ်။

# ဒေါ်စုကို ရုံးထုတ်၊ လမ်းများပိတ်ထား

**DVB၊ မေလ ၁၈ ။** ။ နအဖစစ်အုပ်စုက မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို တရားရုံးထုတ်မယ့် ဒီနေ့မနက် အင်းစိန်ထောင်အနီးတဝိုက်မှာ လမ်းတွေကိုပိတ်ထားပြီး လက်နက်ကိုင်ရဲတပ်ဖွဲ့ဝင်တွေ၊ စွမ်းအားရှင်တွေ၊ ပြည်ခိုင်ဖြိုးအသင်းဝင်တွေ အများကြီးရှိတယ်လို့ မျက်မြင်တွေ့သူတွေက ပြောပါတယ်။

သံဆူးကြိုးတွေနဲ့ လမ်းတွေကို ပိတ်ထားသလို အင်းစိန်ဈေးကြီးကိုလည်း ၁၁ နာရီ မှာ အပြီးပိတ်ဖို့ စည်ပင်သာယာရေးနဲ့ ရဲတပ်ဖွဲ့ဝင်တွေက လိုက်လံပြောကြားနေတယ်လို့လည်း ပြောပါတယ်။ အင်းစိန်ထောင်အနီးတဝိုက်က လက်ဖက်ရည်ဆိုင်နဲ့ ဈေးဆိုင်တွေကိုလည်း မနေ့ကတည်းက ပိတ်ထားတယ်လို့ ဆိုပါတယ်။ ထောင်နားက ဘုန်းကြီးကျောင်းနဲ့ စေတီဝင်းတွေထဲမှာ လက်နက်ကိုင်ရဲတပ်ဖွဲ့ဝင်တွေကို အများကြီးတွေ့ရသလို လုံးထိန်းရဲကားတွေကိုလည်း တနေရာမှာ အစီး ၂၀ လောက် တွေ့ရတယ်လို့လည်း မျက်မြင်သက်သေတွေက ပြောပါတယ်။ အင်းစိန်ထောင်ဝင်းထဲကို ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေတွေဝင်သွားပြီလို့လည်း စောင့်ကြည့်နေတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေက ပြောပါတယ်။ အမေရိကန်သံရုံးကားတစီးဝင်သွားတာ တွေ့ရတယ်လို့လည်း ဆိုပါတယ်။

ဒီနေ့မှာ ထောင်ဝင်စာတွေ ပိတ်ထားကြောင်းလည်း အကျဉ်းသား မိသားစုဝင်တွေက ပြောပါတယ်။ သံဆူးကြိုးတွေနဲ့ လမ်းပိတ်ထားတဲ့နေရာတွေမှာ အဖွဲ့ချုပ်ဝင်တွေနဲ့ ပြည်သူတွေ ၃၀၀ လောက်ရှိနေပြီး တဖွဲဖွဲထပ်ရောက်လာသူတွေလည်းရှိနေတယ်လို့လည်း အဖွဲ့ချုပ်ဝင်တွေက ပြောပါတယ်။ အမေရိကန်နိုင်ငံသားတဦး ဒေါ်အောင်ဆန်းစုကြည်ရဲ့အိမ်ထဲကို ရေကူးဝင်ရောက်မှုနဲ့ပတ်သက်လို့ နေအိမ်အကျယ်ချုပ်ထိန်းသိမ်းထားမှုကို ချိုးဖောက်တယ်ဆိုပြီး ဒီလ ၁၈ ရက်မှာ အာဏာပိုင်တွေက ဒေါ်အောင်ဆန်းစုကြည်ကိုတရားစွဲပြီး အင်းစိန်ထောင်မှာ ထိန်းသိမ်းထားတာပါ။

# ဒေါ်အောင်ဆန်းစုကြည်ကို အကျဉ်းချထားသည့် အင်းစိန်ထောင်အနီး လှုပ်ရှားမှု

**DVB | မေ ၁၈ ။** ။ အင်းစိန်ထောင်အနီးတဝိုက်မှာ စစ်အစိုးရ လက်နက်ကိုင်တပ်ဖွဲ့တွေ ပိတ်ဆို့နေရာယူပြီး လူငယ် ၂ ဦးကို စွမ်းအားရှင်တွေက ဖမ်းသွားပါတယ်။ မျက်မြင်တွေ့ရှိတဲ့ ပြည်သူတွေနဲ့ ဒီမိုဘီသတင်းထောက်တွေဆီက ရရှိတဲ့ အချိန်ပိုင်းအလိုက် ဒီမနက်အခြေအနေတွေကို တင်ပြလိုက်ပါတယ်။

မနက် ၇ နာရီ အင်းစိန်ထောင်ရှေ့ လမ်းမကြီးတလျှောက် မနေ့ညကတည်းကစပြီး လည်ပတ်အနီနဲ့စစ်သားတွေ ပိတ်ဆို့ထား။ လမ်းကြိုလမ်းကြားတွေမှာလည်း လက်နက်နက်ကိုင်စစ်သားတွေ ရှိနေ။ စွမ်းအားရှင်တွေလည်း ဒိုင်နာကားတွေနဲ့တကွ နေရာအနှံ့ နေရာယူထား။ အဓိက ပိတ်ဆို့ထားတဲ့နေ ရာတွေ – အင်းစိန်မီးရထားခုံးကျော်တံတား – အင်းစိန်ဈေးရှေ့ – ဘုရင့်နောင်လမ်းဆုံအနီး ပေါက်တောဝ အဲဒီနေရာတွေမှာ သုံးချောင်းထောက် သံဆူးကြိုးတွေချထားပြီး အင်းစိန်လမ်းမကြီးတလျှောက်မှာ ဒိုင်နာကားတွေ ရပ်ထားပါတယ်။

"ဒီမြင်ကွင်း ဟာ ၂၀၀၇ စက်တင်ဘာမှာ သံဃာတော်တွေကို အကြမ်းဖက်စော်ကားခဲ့တုန်းက မြင်ကွင်းနဲ့ တထပ်တည်းပဲ" လို့ မျက်မြင်တွေက ပြော။ မနက် ၈ နာရီ အင်းစိန်ထောင်နဲ့ တမိုင်လောက်ဝေးတဲ့ အာလိန်ငါးဆင့်စေတီနားမှာ အဓိကရုဏ်းနှိမ်နင်းရေးအဖွဲ့က လုံထိန်းရဲတွေ အပြည့်တင်ထားတဲ့ စစ်ကား ၁၀ စီးရပ်ထားပါတယ်။ မနက် ၈ နာရီ မိနစ် ၄၀ အင်းစိန်ထောင်အနီး အင်းစိန်ဈေးရှေ့၊ မီးရထားခုံးကျော်တံတား အဆင်းမှာ ဒိုင်နာကားတစီးပေါ်ကို လူငယ်အမျိုးသားတဦးနဲ့ အမျိုးသမီးတဦးတို့ကို စွမ်းအားရှင်တွေက အကြမ်းဖက်ဆွဲတင်သွားပါတယ်။ အဲဒီ အဖြူရောင်ကားဟာ နံပါတ် ဘ/၃၃၂၆ ဖြစ်ပြီး ၁၀၅ မော်တော်ယာဉ်လိုင်းမှာ ပြေးဆွဲနေတဲ့ကားဖြစ်တယ်။ ၁၀၅ ကားလိုင်းဟာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းများအဖွဲ့ပိုင်ဖြစ်ပါတယ်။ အဲဒီလိုင်းကကားတွေကို လူထုကို အကြမ်းဖမ်းဖမ်းဆီးတဲ့ လုပ်ရပ်တွေမှာ အများဆုံး အသုံးချလေ့ရှိတဲ့ ကားတွေဖြစ်ပါတယ်။ အဖမ်းခံရသူ ၂ ဦးဟာ အဖွဲ့ချုပ်လူငယ်တွေ ဖြစ်နိုင်တယ်လို့ မျက်မြင်တွေက ယူဆပါတယ်။ မနက် ၉ နာရီခွဲ အင်းစိန်ထောင်ရှေ့လမ်းမပေါ်မှာ စစ်တပ်နဲ့ ပိတ်ဆို့ထားတဲ့နေရာကို ပြည်သူတွေစုဝေးလာပြီး အရေအတွက်များလာတဲ့ လူထုကြီးကို လူစုခွဲဖို့ အာဏာပိုင်တွေနဲ့ စွမ်းအားရှင်တွေက ကြိုးစားနေပါတယ်။

အင်းစိန်ထောင်ကို ဦးတည်သွားတဲ့ တက္ကသိုလ်ကျောင်းသားတွေနဲ့ အဖွဲ့ချုပ်ဝင်တွေနောက်ကို စွမ်းအားရှင်တွေ၊ ပြည်ခိုင်ဖြိုး(ကြံ့ဖွံ့) အဖွဲ့ဝင်တွေနဲ့အရပ်ဝတ်ရဲတွေက ကားနဲ့လိုက်နေပါတယ်။ လူ ၃၀ လောက်ပါတဲ့ လူငယ်အုပ်စုနှစ်စု လမ်းကြိုလမ်းကြားတွေကတဆင့် အင်းစိန်ထောင် ဂိတ်ဝကို ရောက်သွားပါတယ်။ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အတွင်းရေးမှူးဦးဝင်းတင်ကို အင်းစိန်ထောင်ရှေ့က တံခါးပိတ်ထားတဲ့ဆိုင်တဆိုင်ရှေ့မှာ ထိုင်နေတာတွေ့ရ။

အင်းစိန်ဈေးကို မနက် ၁၁ နာရီ နောက်ဆုံးထားပိတ်ဖို့ အာဏာပိုင်တွေက အမိန့်ပေးထားပါတယ်။ လမ်းပေါ်ကလူတွေကို အင်းစိန်ဈေးအပေါ်ထပ်နဲ့ အင်းစိန်မြို့နယ်မီးသတ်ဦးစီးဌာန အပေါ်ထပ်တို့ကနေ ဓာတ်ပုံ၊ ဗီဒီယိုတို့နဲ့ မှတ်တမ်းတင်နေတာ တွေ့ရပါတယ်။ မနက် ၁၀ နာရီ ၁၅ မိနစ် အင်းစိန်ထောင်ထဲကို ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေ ၄ ဦး အင်းစိန်ထောင်ဝင်းထဲကို ဝင်ရောက်သွားပါတယ်။ အမေရိကန်သံရုံးတာဝန်ရှိသူ တချို့လည်း ဝင်ရောက်သွားတာ တွေ့ရပါတယ်။ (မနက် ၇ နာရီမှ ၁၀ နာရီကျော်အထိ)

ဒီနေ့မနက် ၁၀ နာရီ ၁၅ မိနစ်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေ ၄ ဦးနဲ့ အမေရိကန်သံရုံးတာဝန်ရှိသူတချို့အင်းစိန်ထောင်ဝင်းထဲ ဝင်ရောက်သွားပြီး နောက်ပိုင်းအခြေအနေတွေကို တင်ပြလိုက်ပါတယ်။ မနက် ၁၁ နာရီ ၃၀ မိနစ် ရွှေပြည်သာမြို့နယ် အန်အယ်လ်ဒီလူငယ်အဖွဲ့ဝင် ကိုထွေးသိန်းအပါအဝင် လူငါးဦးကို ဖမ်းဆီးခေါ်ဆောင်သွားပြီဟု သိရပါတယ်။ နောက်ထပ်လည်း တဦးချင်းကို ဒိုင်နာကားများပေါ် ဆွဲတင်ဖမ်းဆီးနေတာတွေ့ရပါတယ်။ မွန်းတည့် ၁၂ နာရီ ကိုထွေးသိန်းက အနီးပတ်ဝန်းကျင်ရှိ ပြည်သူများအား ဖဲကြိုးအနက်များ လိုက်လံဝေငှနေစဉ် ဖမ်းဆီးခံရတာလို့ မျက်မြင်သက်သေ တဦးကပြောပါတယ်။ နေ့လည် ၁၂ နာရီ ၂၀ မိနစ် လမ်းတွေပိတ်ထားတဲ့ နေရာတွေကို လူများ၊ သံဃာတော်များ ထပ်ရောက်ရှိတဲ့အတွက် လူထုအင်အား တဖြည်းဖြည်း တောင့်တင်းလာပါတယ်။

ကားတွေကို ပိတ်ထားပြီး လူတွေကို ဖြတ်သန်းခွင့်ပြုထားပါတယ်။ ထောင်ဖူးဝအထိ သံဃာတော်တွေကို ဖြတ်သန်းခွင့်မပေးသလို လူတွေကိုလည်း ခွင့်မပြုပါဘူး။ ဦးဝင်းတင်က အင်းစိန်ဈေးနှင့် ဓားလွယ်ခုတ်မှာရှိတဲ့ အုတ်ခုံပေါ်မှာ ထိုင်နေဆဲပါ။ သူ့အနားမှာ အန်အယ်လ်ဒီလူ ၃၀ ခန့် ဝန်းရံထားပါတယ်။ ထောက်လှမ်းရေးတွေ ပြာယာခတ်နေပါတယ်။ ထောင်ဝင်းထဲဝင်သွားတဲ့ နိုင်ငံခြားသားတွေနဲ့ ရှေ့နေတွေ ပြန်ထွက်မလာလို့ စောင့်နေတာလို့သိရပါတယ်။ ညနေ ၄ နာရီ မနက်ပိုင်းက ကားနဲ့ထွက်ခွာသွားတဲ့ လမ်းမတော်က ကျောင်းသားလူငယ်အုပ်စုပြန်ရောက်လာပါတယ်။ ထောင်တွင်းဝင်သွားတဲ့ ရှေ့နေတွေအပြင်ကို ပြန်လည်ရောက်ရှိ၊ နောက်နေ့မနက် ၁၀ နာရီခွဲမှာ အမှုကို ပြန်စစ်ဆေးဖို့ချိန်းလိုက်ကြောင်း သိရှိရပါတယ်။

## နိုင်ငံခြားသတင်းထောက်များသတင်းယူခွင့်ရ

**NEJ | မေလ ၂၀ ။** ။ ဒေါ်အောင်ဆန်းစုကြည်၏အမှု အင်းစိန်ထောင် အထူးတရားရုံးတွင် ရုံးထုတ်စစ်ဆေးသည့် တတိယနေ့ဖြစ်သော ယနေ့တွင် ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များအား သတင်းယူခွင့်ပြုလိုက်ကြောင်း ပြည်တွင်းသတင်းဂျာနယ်တခုမှ သတင်းထောက်တဦးကပြောပါတယ်။

အဆိုပါ သတင်းယူခွင့်ရသည့် ပြည်တွင်း နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များမှာ ဦးအောင်လှထွန်း(ရိုက်တာ)၊ ဦးအောင်သူငြိမ်း(ကျိုဒိုသတင်းဌာန)၊ ဒေါ်လှလှဌေး(အေအက်ဖ်ပီ)၊ ဒေါ်ဆင့်ဆင့်အောင်(နီပွန်တီဗွီ) နှင့် ဒေါက်တာဇော်သန်း(ဆန်ကေးရှင်ဘွန်း) တို့ဖြစ်ပါတယ်။ ၎င်းတို့သည် အင်းစိန်ထောင်တွင်းသွားရောက်သတင်းယူရန် မဲနှိုက်ကြရတယ်လို့သိရပါတယ်။

အဆိုပါသတင်းထောက်များသည် စာပေစိစစ်ရေးရုံးသို့ ယနေ့နံနက် ၁၁ နာရီခွဲအရောက်သွားရမည်ဖြစ်ပြီး ပြည်တွင်းဂျာနယ်အချို့မှ သတင်းထောက်များလည်းပါဝင်မည်ဟု သိရပါတယ်။ သို့သော် ပြည်တွင်းဂျာနယ်သတင်းထောက်များ မည်သူပါမည်မသိရှိရသေးဘဲ စာပေစိစစ်ရေးက ရွေးချယ်နေကြောင်းသိရပါတယ်။

## လွတ်လပ်စွာတရားစီရင်ရန် ရှေ့နေများတောင်းဆို

**DVB | မေလ ၁၈ ။** ။ ဒီနေ့မနက် ၁၀ နာရီမှာပြုလုပ်မယ့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့အား ကြားနာစစ်ဆေးမှုကို အများပြည်သူရှေ့မှာ လွတ်လပ်စွာစစ်ဆေးပေးဖို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ရှေ့နေတွေက တောင်းဆိုလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အပါအဝင် သူနဲ့အတူနေတဲ့ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမတို့ ၃ ဦးကို ဒီနေ့ အင်းစိန်ထောင်အတွင်း ပထမဆုံးအကြိမ် ရုံးထုတ်စစ်ဆေးမှာဖြစ်ပြီး အဲဒီကြားနာပွဲကို သတင်းထောက်တွေအပါဝင် အများပြည်သူပါတက်ရောက်နားထောင်ခွင့်ပေးဖို့ အဖွဲ့ချုပ်နဲ့အမှုလိုက် ရှေ့နေတွေက တောင်းဆိုမှာဖြစ်တယ်လို့ အဖွဲ့ချုပ် ပြန်ကြားရေးအဖွဲ့ဝင်လည်းဖြစ်၊ ရှေ့နေတဦးလည်းဖြစ်တဲ့ ဦးဉာဏ်ဝင်းက ပြောပါတယ်။

"အင်းစိန်ထောင်ဝင်းထဲမှာ စစ်ဆေးတဲ့အမှုတွေထဲမှာ ဒေါ်အောင်ဆန်းစုကြည်အမှုတင်မကဘူး၊ ဘယ်အမှုမဆို အများပြည်သူဝင်ထွက်ခွင့်မရှိဘူး၊ ဥပဒေအရ အများပြည်သူအရှေ့မှာ ပြင်ရမယ်ဆိုတဲ့ ဥပဒေပြဋ္ဌာန်းချက်တွေ ရှိတယ်။ အဲဒါကြောင့် ပြည်သူတွေနေရာတွေပေးဖို့ကို ကျနော်တို့ ကြိုးစားဆောင်ရွက်ပါ့မယ်။ ပုံမှန်ရုံးချိန်ကတော့ ၁၀ နာရီပေါ့၊ အစိုးရဘက်က အဆင်သင့်ဖြစ်တဲ့အချိန်ဖြစ်မှာပေါ့၊ အချိန်က ကိုယ့်ဘက်မှာမတည်ဘူး၊ သူတို့ဘက်မှာပဲတည်တာ။"

# နအဖ ရွေ့တဲ့ကလေးကွက် အဲန်အဲယ်လ်ဒီအတွက် မဟာအချက်

**ဒေါက်တာလွင်းဆွေ**

**ခေတ်ပြိုင်ဂျာနယ်မှ ကူးယူဖော်ပြပါသည်။**

ဒေါ်အောင်ဆန်းစုကြည် နေအိမ်ထဲ ဂျွန်ဝီလီယံယက်တောဆိုတဲ့ အမေရိကန်ကြီးတဦး နှစ်ရက်ကြာဝင်ရောက် တည်းခိုသွားတယ်ဆိုတဲ့ သတင်းကြားရတော့ ဗိုလ်အောင်ဒင်ဇာတ်ကားထဲမှာ ပုလိပ်မင်းကြီးမစ္စတာစတီးဝပ် အကြီးအကျယ် ဒေါ်ဖောင်းပြီး စုံထောက်ကြီးဦးဘချစ်ကိုဖတ်ပြတဲ့ သတင်းခေါင်းစီးကို သွားသတိရမိတယ်။ သတင်းစာဖတ်ရင်း အကြီးအကျယ်ဒေါ်ဖောင်းသွားတဲ့ သတင်းခေါင်းစီးကို သွားသတိရမိတယ်။ "ပုလိပ်တွေဘာလုပ်နေကြသလဲ၊ လူဆိုးတွေမှာ ကိုယ်ပျောက်ဆေးရှိသလား။" ဆိုတဲ့ သတင်းခေါင်းစီးပါ။ အခုလည်း နအဖ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ အပေါင်းအပါတွေကို "နအဖတွေဘာလုပ်နေကြသလဲ၊ ယက်တောမှာ ကိုယ်ပျောက်ဆေးရှိသလား။" ဆိုပြီး ခေါင်းစီးတပ်ရေးရမလိုဖြစ်နေပြီ။ ရယ်ရပုံများပြောပါတယ်။

ရယ်မောခြင်းရဲ့နောက်ကွယ်မှာတော့ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ရဲ့ အသက်အန္တရာယ်အတွက်လည်း စိုးရိမ်ပူပန်စိတ် အကြီးအကျယ်ဖြစ်မိပါတယ်။ တကယ်ဆို ကိုယ်အကျယ်ချုပ်ချထားတဲ့ လူထုခေါင်းဆောင်အတွက် အလုံးစုံတာဝန်ယူရမှာက နအဖ ဘဲလေ။ အပြစ်မရှိတဲ့သူကို ကိုယ့်ဒုက္ခကိုယ်ရှာပြီး သူတို့နေအိမ်အကျယ်ချုပ် ချထားချင်တာကိုး။ ဒေါ်အောင်ဆန်းစုကြည်က ကျမအိမ်ကိုလာစောင့်ရှောက်ပေးပါလို့ နအဖ ကိုလုံခြုံရေးအနေနဲ့ ငှားထားတာမှမဟုတ်တာ။ အဲဒီတော့ ယက်တောဆိုတဲ့အမေရိကန်ကြီး အင်းလျားကန်ထဲကဘဲ ကုန်းတက်လာကုန်းတက်လာ၊ ခြံစည်းရိုးကိုဘဲ သူ့ခိုးကြီး တောက်ဖြားလိုခုန်ဝင် ခုန်ဝင်၊ မိုးပေါ်ကဘဲကြောင်ကျ ကျလာ ကျလာ၊ လုံခြုံရေးတွေရှိတဲ့ဝင်းတံခါးကဘဲ ကိုယ်ပျောက်ဝိဇ္ဇာလို ကိုယ်ယောင်ဖျောက်ပြီး ဝင်သွား ဝင်သွား၊ လုံးဝတာဝန်ရှိတာကတော့ နအဖ စစ်အုပ်စုမှာပါဘဲ။ လုံခြုံရေးအပြည့်ပေးရမှာ သူတို့တာဝန်ပါ။ သူတို့မတရားသဖြင့် အကျယ်ချုပ်ထားတာမို့လို့ပါ။

တကယ်လို့များ မပြောကောင်းမဆိုကောင်း ယက်တောကစိတ္တဇလူသတ်သမားဖြစ်နေတယ်ဆိုကြပါစို့။ သူ့ နအဖ လုံခြုံရေးတွေမသိလိုက်ဘဲခိုးဝင်သွားလို့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အသက်ပါတဲ့အထိဖြစ်သွားပါပြီတဲ့၊ နအဖ ဘယ်လိုမျိုးဆင်ခြေတွေပေးမလဲ၊ ဘာလုပ်ပေးမှာလဲ စဉ်းစားကြည့်မိတော့ ကြက်သီးမွေးညင်းတောင် တော်တော်ထသွားမိတယ်။ အဲဒီလိုမျိုးများဖြစ်ခဲ့ရင် နအဖ က ကျနော်မျိုးတို့မသိလိုက်လို့ဖြစ်သွားတာပါခင်ဗျားလို့ ဆင်ခြေဆင်လက်ပေးရုံနဲ့ ပြီးနိုင်မလား။ ပြည်သူလူထုကြီးနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းကရော အဲဒီအဖြေကိုလက်ခံမလား။ ဒေါသတွေဘယ်လောက်တောင်များပေါက်ကွဲလိုက်ကြလေမလဲ။ အဲဒီပေါက်ကွဲမယ့် ဒေါသမုန်တိုင်းနဲ့တင် နအဖ လွင့်စဉ်သွားလောက်မယ်ထင်ပါရဲ့။

၁၉၈၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့က ပြည်တော်ပြန်လာခဲ့တဲ့ ဖိလစ်ပိုင်အတိုက်အခံခေါင်းဆောင် ဘင်နစ်နိုအကွီနိုရဲ့ဖြစ်အင်ကို အခုထိအမှတ်ရနေမိပါသေးတယ်။ မနီလာလေဆိပ်အရောက်မှာ ဖိလစ်ပိုင်အာဏာရှင် မားကို့စ်က ဘင်နစ်နိုအကွီနိုကိုတဘက်လှည့်နဲ့ လုပ်ကြံခိုင်းလိုက်တယ်။ ဒါပေမယ့် အဖြစ်မှန်ကိုဖိလစ်ပိုင်လူထုကြီးကသိသွားပြီး အကြီးအကျယ်အုံကြွပေါက်ကွဲပါလေတော့တယ်။ ဖိလစ်ပိုင်လူထုရဲ့ ဒေါသမုန်တိုင်းကြောင့်ဘဲ မကြာမတင်မှာ ဗိုလ်ချုပ်ကြီးရာမို့စ်ခေါင်းဆောင်တဲ့ ဖိလစ်ပိုင်စစ်တပ်က အတိုက်အခံခေါင်းဆောင်သစ် မဆိုးမကိုရာဇွန်အကွီနိုနဲ့ပေါင်းသွားခဲ့တယ်။ အဲဒီနောက် အာဏာရှင်မားကို့စ် ဖနောင့်နဲ့တင်ပါး တသားတည်းပြေးခဲ့ရပါလေရောလား။ ဒီကနေ့အထိ မျက်စိထဲကမထွက်သေးတဲ့ဖြစ်ရပ်ပါ။

အဲဒီလိုနမူနာမျိုးတွေရှိနေလေတော့ နအဖ အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို အိမ်ထဲမှာနေရင်းတစုံတခုဖြစ်သွားမှာမျိုးတော့ လုံးဝအဖြစ်မခံရဲမှာအသေအချာပါဘဲ (ဒီပဲယင်းမှာ သွားရင်းလာရင်းဝင်အရိုက်ခံရတာမျိုးက တမျိုးပေါ့လေ၊ အဲဒီတုန်းကလည်း မပြောကောင်းမဆိုကောင်း ဒေါ်အောင်ဆန်းစုကြည် အသက်ပါသွားခဲ့လို့ကတော့ မြန်မာပြည်သူလူထုရဲ့ဒေါသနဲ့ ဗိုလ်သန်းရွှေတို့လူသိုက်အခုလောက်ဆို စစ်ဘောင်းဘီတခြား ကိုယ်တခြားဖြစ်နေလောက်ပြီထင်ပါရဲ့)။ ဘာကြောင့်လဲဆိုတော့ ဒေါ်အောင်ဆန်းစုကြည်တခုခုဖြစ်သွားခဲ့ရင် ပေါက်ကွဲထွက်လာမယ့် (ဒေါ်အောင်ဆန်းစုကြည်ကို အားကိုးအားထားပြုလေးစားကြည်ညိုတဲ့) မြန်မာပြည်သူလူထုကြီးရဲ့ သေမထူးနေမထူးဒေါသကို ဗိုလ်သန်းရွှေတို့ နအဖ တသိုက်စိုးရွံ့လို့ပါဘဲ။

အဲဒီတော့ ဒေါ်အောင်ဆန်းစုကြည်တစုံတခုဖြစ်မှာကို စိုးရွံ့မယ့် နအဖ အနေနဲ့ သူတို့မသိဘဲ ဒေါ်အောင်ဆန်းစုကြည်နေအိမ်ခြံဝင်းထဲကို လူတယောက်လုံးမပြောနဲ့ ခွေးတကောင်မျက်စိလည်လမ်းမှားပြီး ဝင်မယ်ဆိုရင်တောင် ခွင့်ပြုမှာမဟုတ်ပါဘူး။ (ခွေးရူးကိုက်ရင်လည်း အစဉ်မသင့်ရင် အသက်အန္တရာယ်ရှိတတ်တာကိုးဗျ)။ ဒီလိုအခြေအနေမျိုးမှာ ယက်တောဝင်လာတယ်ဆိုတော့ အကြီးအကျယ်စဉ်းစားစရာပေါ့။ ဒါက ပထမတချက်။

နောက်တချက်က ဒီ ယက်တောဆိုတဲ့အမေရိကန်ကြီးက နအဖ က ဖမ်းမိတယ်ဆိုတဲ့ အခုအခေါက်မှပထမဆုံးအကြိမ် ခိုးဝင်တာမဟုတ်ပါဘူး။ ၂၀၀၈ တုန်းကတည်းက ပထမအကြိမ်ခိုးဝင်လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းက သက်ဆိုင်ရာအာဏာပိုင်တွေဆီ အကြောင်းကြားခဲ့ပြီးဖြစ်ပါတယ်။ ဒါကို အခုတခေါက် မြန်မာပြည်ထဲထပ်ဝင်ဘို့ ပြည်ဝင်ခွင့်ဗီဇာ ထပ်ထုတ်ပေးတယ်ဆိုတော့ ဒေါ်အောင်ဆန်းစုကြည်အိမ်ထဲ ခိုးဝင်ဘူးတဲ့သူမှန်း သိထားရဲ့သားနဲ့ ဘာ့အတွက်ကြောင့် ဗီဇာထပ်ထုတ်ပေးသလဲဆိုတာ စဉ်းစားစရာဖြစ်မနေပေပြန်ဘူးလား။ ဒါက ဒုတိယတချက်။

အဲဒီတော့ ပထမအချက်က ကိုယ်ဖမ်းထားတဲ့လူထုခေါင်းဆောင်ရဲ့လုံခြုံရေးကို တာဝန်မယူနိုင်မှု၊ ဒုတိယအချက်က သိသိကြီးနဲ့ထောင်ချောက်ဆင် ဟပေးထားမှု၊ အဲဒီနှစ်မှုထဲက တမှုနဲ့တင် နအဖ မှာ အပြစ်လုံးဝရှိနေပြီဆိုတာ အသေအချာပြောနိုင်ပြီဖြစ်ပါတယ်။ နောက်ပြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့မိသားစုဆရာဝန်ကိုဖမ်းသွားပြီး အခုအထိ ဘယ်မှာထိန်းသိမ်းထားမှန်းမသိရတာကလည်း (ဆောင်းပါးရေးပြီးချိန်မှာတော့ ဒေါက်တာတင်မျိုးဝင်း ပြန်လွှတ်လာပြီလို့သိရပါတယ်။) နအဖ ရဲ့မရိုးမသားလုပ်ကြံမှုကို ပိုပြီးသံသယကြီးထွားစေပါတယ်။ ဘာတခုမှပွင့်လင်းမြင်သာမှု၊ ရိုးသားမှုမရှိလို့ပါ။

အဲဒီတော့ ဒေါ်အောင်ဆန်းစုကြည်က ယက်တောကို ဘာဖြစ်လို့တည်းခွင့်ပြုရတာလဲ ဆိုတဲ့အထိတောင် တောင်တောင်အီအီစဉ်းစားစရာမလိုတော့ဘဲ ဗိုလ်သန်းရွှေတို့စစ်အုပ်စုရွှေ့တဲ့ ကလေးကွက်က ဘွားဘွားကြီးပေါ်နေတာကိုတွေ့ရမှာပါ။ စဉ်းစားလည်းဘဲ ဒေါ်အောင်ဆန်းစုကြည်ဆိုတာက ကိုယ်ကျင့်သိက္ခာနဲ့ပြည့်စုံတဲ့ နိုင်ငံတကာသိ လူထုခေါင်းဆောင်တယောက်၊ အိမ်မှာလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုအမျိုးသမီးအဖွဲ့ဝင် ဒေါ်ခင်ခင်ဝင်းနဲ့သမီးဖြစ်သူမဝင်းမမတို့အတူရှိနေတယ်။ နောက်ပြီးတော့ ဒေါ်အောင်ဆန်းစုကြည်ဟာ လူတဘက်သားကိုဒုက္ခရောက်နစ်နာစေလိုတဲ့ ဆန္ဒမျိုးရှိသူမဟုတ်၊ အဲဒါကြောင့် ယက်တောကိုနှင်မထုတ်တာအဆန်းလားလို့ မေးခွန်းပြန်ထုတ်လိုက်ရုံပေါ့။ ယက်တောဝင်လာပြီဆိုကတည်းက နအဖအပြစ် လုံးလုံးကြီးဖြစ်နေတဲ့ဟာကိုးလေ။ တကယ်ဆို ရှင်းပြနေစရာတောင်မလိုပါဘူး။

အဲဒီလို ကလေးကွက်ကို နအဖ ဘာကြောင့်ရွှေ့ခဲ့သလဲ။ ရှင်းပါတယ်။ ဒေါ်အောင်ဆန်းစုကြည်လွှတ်ရက်စေ့တော့မှာရယ်၊ သူတို့ရဲ့ကလိန်စေ့ငြမ်းဆင်လမ်းပြမြေပုံအတွက် အနှောင့်အယှက်လို့ယူဆတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ၂၀၁၀ ကျင်းပပြီးတဲ့အထိ ဆက်ဖမ်းထားချင်လို့ရယ်၊ ကြံရာမရဖြစ်ပြီး သူတို့လုပ်မိတာဖြစ်ပါတယ်။ (မပိရိတာတခုတော့ နအဖ ကို သနားဘို့ကောင်းပါတယ်)။ အဲဒီလို သူတို့

# မှတ်ပုံမတင်သော တိုင်းရင်းဆေး ၁၆ မျိုးကို နအဖစစ်အုပ်စုက ထပ်မံပိတ်ပင်

**DVB ၊ မေလ ၁၉ ။** ။ ဒီနေ့ထုတ် သတင်းစာတွေထဲမှာ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာနကနေ မှတ်ပုံတင်မထားတဲ့ တိုင်းရင်းဆေး ၁၆ မျိုးကို သုံးစွဲရန်မသင့်လို့ ကြေညာလိုက်ပါတယ်။

ဒီကြေညာချက်ထဲမှာ စိန်သော့နဲ့ တူတံစဉ် အမှတ်တံဆိပ် အကိုက်အခဲပျောက်ဆေးတွေ အပါအဝင် ယောလေးပါး၊ ဒူးလေးနဲ့ သမားတော်လေနိုင် အစာကြေ လျက်စားစတဲ့ ဆေးဝါး ၁၆ မျိုးကို သုံးစွဲရန်မသင့်လို့ ကြေညာလိုက်တာပါ။ ဒီတိုင်းရင်းဆေးတွေဟာ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှာ မှတ်ပုံတင်ထားခြင်းမရှိတာမို့ အစစ်အမှန်အစွမ်းထက်မှုတွေရှိမရှိ အာမခံချက်မပေးနိုင်ဘူးလို့လည်း ကြေညာချက်က ဆိုပါတယ်။ ဒီလို တိုင်းရင်းဆေးတချို့သုံးစွဲရန်မသင့်ဘူးလို့ ကြေညာလိုက်တာနဲ့ပတ်သက်ပြီး မင်္ဂလာဈေးက တိုင်းရင်းဆေးဆိုင်ရှင်တဦးက ပြောပါတယ်။

"တိုင်းရင်းဆေးတော့ရောင်းတယ်။ ဒီပစ္စည်းတွေက နယ်ဘက်ကပစ္စည်းတွေဆိုတော့ အရင်ကတည်းကမတင်ဘူး။ နောက်ပိုင်းမှာ စည်းကမ်းချက်တွေထွက်လာတော့ လိုင်စင်မရှိတာဆိုရင် စောစောကတည်းက ရှောင်ထားတယ်။"

တိုင်းရင်းဆေးတွေကို ဘာကြောင့် ဒီလိုစိစစ်ရတယ်ဆိုတာနဲ့ ပတ်သက်ပြီးတော့ အဲ့ဒီဆိုင်ရှင်ကပဲ သူ့အမြင်ကို အခုလိုဆက်ပြောပါတယ်။

"တချို့ကျတော့ အင်္ဂလိပ်ဆေးတွေကို ကြိတ်ထည့်တယ်။ ဗမာဆေးဆိုပြီး မသိနားမလည်တဲ့သူတွေက သုံးစွဲတော့ အကျိုးဆက်တွေက အများကြီးခံစားရတယ်။ တောသူတောင်သားတွေက သိပ်မသိကြတော့ အက်စ်ပရင်ပါတဲ့ဟာဆိုရင် သူတို့မှာလည်း အရင်ကတည်းက အစာအိမ်ရောဂါအခံရှိမယ်ဆိုရင် သောက်မိရင် အများကြီးပြဿနာရှိတယ်။ ထုတ်တဲ့လူကလည်းထုတ်တော့ ရောင်းတဲ့ လူကလည်းရောင်းတယ်။"

သိမ်ကြီးဈေးက တိုင်းရင်းဆေးဆိုင်ပိုင်ရှင်တဦးကလည်း…

"အခုတားမြစ်တဲ့ဆေးတွေ မရောင်းပါနဲ့တော့လို့ လိုက်အော်တယ်။ သူတို့ပြောတာတွေ ကျမတို့မရောင်းတော့ပါဘူး။ သကြီန်မတိုင်ခင်က အစည်းအဝေးရှိတယ်ဆိုပြီး ဆေးဆိုင်ပိုင်ရှင်တွေအားလုံးကို စည်ပင်က ခေါ်တယ်လေ။ ခေါ်ပြီးတော့ ဒေါ်ကျင်လေပုပ်ထုတ်ဆေးလို ဆေးမျိုးတွေက မှိုတက်လို့ မရောင်းသင့်ဘူးဆိုပြီးခေါ်ပြောတယ်"လို့ ပြောပါတယ်။

တားမြစ် ဆေးချက်ကြေညာချက်နဲ့ ပတ်သက်ပြီး ဆိုင်တွေမှာ ကြပ်ကြပ်မတ်မတ်စစ်ဆေးမှု အားနည်းနေသေးတယ်လို့လည်း ပြောပါတယ်။ တိုင်းရင်းဆေးပညာဦးစီးဌာနမှာ ယာယီဆေးဝါးမှတ်ပုံတင်အမှတ်ရရှိဖို့ လျှောက်ထားရပုံကိုတော့ တိုင်းရင်းဆေးဆရာတဦးက…

"တိုင်းရင်းဆေးဦးစီးဌာနကနေ နေပြည်တော်ကို မှတ်ပုံတင်ရပါတယ်။ ကိုယ်ထုတ်တဲ့ဆေးကို ပါဝင်မှုတွေ၊ ဖော်စပ်ပုံ၊ ဆေးဗူးခြောက်ဗူးပါ ဖောင်ဖြည့်ပြီးတော့ ကိုယ်ထုတ်မယ့် အမှတ်တံဆိပ်ကအစ အကုန်ထည့်ပေးရတယ်။ ထုတ်ခွင့်ရရင်လည်း ယာယီ ပိုင်လိုင်စင်ပဲ ထုတ်ပေးတယ်" လို့ ပြောပါတယ်။

ယာယီမှတ်ပုံတင်ရဖို့ တင်တဲ့အခါမှာလည်း ဆေးအရည်အသွေး ကောင်းမွန်ဖို့လို သလို အထက်အရာရှိတွေကို ကပ်တတ်ဖို့ကလည်း အရေးကြီးတယ်လို့ သူကပြောပါတယ်။ ဈေးကွက်ထဲမှာ ရောင်းနေတဲ့ဆေးတွေကို စစ်ဆေးပြီးတော့လည်း အရည်အသွေးမပြည့်တာတွေ့ရင် ယာယီမှတ်ပုံတင်ရှိတဲ့ ဆေးတွေပါ အပိတ်ခံရနိုင်တယ်လို့လည်း အခြားတိုင်းရင်းဆေးထုတ်လုပ်သူ တဦးကပြောပါတယ်။ ဒါကြောင့် တိုင်းရင်းဆေးထုတ်လုပ်သူတွေအနေနဲ့ လူတွေကို ဘေးဥပါဒ်ဖြစ်စေနိုင်တာမျိုးတွေကို မလုပ်သင့်ဘူးလို့လည်း အဲဒီတိုင်းရင်း ဆေးဆရာက ပြောပါတယ်။

"ထုတ်လုပ်တဲ့နေရာမှာလည်း စံချိန်စံညွှန်းမီဖို့ရယ်၊ ဆေးကွာလတီမီဖို့ရယ်၊ နောက်တချက်က ဘေးဥပါဒ်အန္တရာယ် ကင်းရှင်းဖို့ အဓိကထားထုတ်မယ်ဆိုရင် ပြည်သူတွေအတွက် သုံးစွဲရတာ ငွေကုန်ရကျိုးလည်းနပ်တယ်၊ ကျန်းမာရေးနဲ့လည်း ညီညွတ်တာပေါ့။ မဟုတ်ရင် ပြည်သူမှာ ထိခိုက်တာပေါ့။"

ပြီးခဲ့တဲ့ ဧပြီလဆန်းပိုင်းကလည်း ကျန်းမာရေးဝန်ကြီးဌာနကနေ ဒေါ်ထွေးအမှတ်တံဆိပ် ဂေါမုတ္တဆေး၊ ဒေါ်ကျင် ကလေးသူငယ်နာ လေပုပ်ထုတ်ဆေးတွေမှာအဆိပ်အတောက်ဖြစ်စေနိုင်တဲ့ သတ္တုဓာတ်တွေ ပါဝင်နေတာကြောင့် သုံးစွဲရန်မသင့်ဘူးလို့လည်း ကြေညာဖူးပါတယ်။

**တဖက်မှ**

အပြစ်လုံးလုံးလျားလျားကို ဒေါ်အောင်ဆန်းစုကြည်အပြစ်လို့ပုံချပြီး အင်းစိန်ထောင်ကိုခေါ်သွားတယ်ဆိုတော့ ဒေါ်အောင်ဆန်းစုကြည်ကို လေးစားကြည်ညိုတဲ့ လူထုအနေနဲ့ ဒေါသအရှိန်အဟုတ်မြင့်တက်လာတာ မဆန်းပေဘူးပေါ့။ နဂိုကတည်းကမှ ကိုယ့်လူထုခေါင်းဆောင်ကို မတရားဖမ်းဆီးချုပ်နှောင်ထားလို့ ဒေါသထွက်နေရတဲ့ အထဲ အခုလို ယုတ်မာကောက်ကျစ်လေတော့ ဒေါသအရှိန်ပိုမြင့်ပြီပေါ့။

ဒါပေမယ့် ဒါဟာ လူထုရဲ့ဦးဆောင်ပါတီ အဲန်အဲယ်လ်ဒီအတွက်တော့ အဆိုးထဲကအကောင်းလို့ ပြောရမယ့်အခြေအနေပါ။ ဗိုလ်သန်းရွှေ ရွှေလိုက်တဲ့ကလေးကွက်ကြောင့် လူထုရဲ့ဒေါသအရှိန်အဟုန်မြင့်တက်လာတာဟာ နအဖ စစ်အုပ်စုအတွက် စိုးရိမ်စရာဖြစ်ပေမယ့် တလျှောက်လုံးမတရားသဖြင့် အနိုင်ကျင့် ခံခဲ့ရတဲ့ အဲန်အဲယ်လ်ဒီပါတီအတွက်တော့ လူထုအားနဲ့တိုက်ခွင့်ရမယ့် တကယ့်မဟာအချက်ပါ။ လူထုရဲ့ဒေါသရေချိန်မြင့်တက်လာချိန်မှာ လူထုတိုက်ပွဲဖော်ပြီး နအဖကိုစိန်ခေါ်ဘို့ တကယ့်အခွင့်အခါကောင်းဘဲဖြစ်ပါတယ်။

အဲန်အဲယ်လ်ဒီအနေနဲ့ လူထုတိုက်ပွဲကနေ အဆုံးသတ်တိုက်ပွဲအထိဦးဆောင်ဘို့ မထင်မှတ်ဘဲ အခွင့်အရေးရတာလို့ ပြောရမှာဖြစ်ပါတယ်။ အဲဒါကြောင့်မို့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအဖြစ်က နုတ်မထွက်ချင်တဲ့ ဦးအောင်ရွှေတို့၊ ဦးလွင်တို့ အနေနဲ့ ရွှေဝါရောင်တုန်းကလို အိမ်တွင်းပုန်းလုပ်မနေကြဘဲ လုထုရှေ့က မားမားမတ်မတ်ထွက်ပြီး (သမိုင်းတရားခံ မဖြစ်ရလေအောင်) ရဲရဲတောက်ဦးဆောင်ပေးကြဘို့ အချိန်ကျရောက်နေပြီဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။

# မိုးရထားဆေးရုံတွင်းမှုရဲများ အနီးကပ်စောင့်ကြည့်

**NEJ ၊ မေလ ၂၀ ။** ။ အင်းစိန်မိုးရထားဆေးရုံရှိ မျက်စိအထူးကု ဆရာဝန်ကြီးရုံးခန်းနှင့် မျက်စိစစ်ဆေးသည့်အမှောင်ခန်းအား ရန်ကုန်တိုင်းရဲမှူးကြီးအဆင့် အပါအဝင် ရဲအရာရှိများကသိမ်းယူကာ အင်းစိန်ထောင်ဝန်းကျင်အခြေအနေကို စောင့်ကြည့်ညွှန်ကြားနေသည့်အတွက် ဆေးရုံဝန်ထမ်းများစိတ်အနှောင့်အယှက် ဖြစ်နေရကြောင်း သိရှိရပါတယ်။

အင်းစိန်မိုးရထားဆေးရုံသည် ဒေါ်အောင်ဆန်းစုကြည်အား ရုံးတင်စစ်ဆေးနေသည့် အင်းစိန်အကျဉ်းဦးစီးနှင့်ကိုက် ၅၀ ခန့်သာကွာဝေးသည်။ ထို့အတွက် အင်းစိန်ထောင်လုံခြုံရေးလိုအပ်ပါက အရေးယူဆောင်ရွက်မှုများပြုလုပ်ရန်နှင့် အဓိကရုဏ်းများဖြစ်ပေါ်လာပါက အင်အားသုံးဖြေရှင်းရန် အနီးကပ်စောင့်ကြည့်နေခြင်းဖြစ်သည်ဟု ဆေးရုံလာသူမိုးရထားဝန်ထမ်းများကပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အမှုအား စတင်ကြားနာသည့် မေ ၁၈ ရက်ကတည်းက အဆိုပါရဲအရာရှိကြီးများသည် သိမ်းယူထားသည့်ရုံးခန်းအား လေအေးပေးစက်တပ်ဆင်လိုက်ကြောင်း ၊ ဒေါ်အောင်ဆန်းစုကြည်၏တရားခွင် မပြီးမချင်းဆေးရုံမှစွန့်ခွာမည်မဟုတ်ကြောင်း အင်းစိန်ထောင်ဘူး၀ ဝန်းကျင်ရှိ ထောင်ချီသောအဲန်အဲယ်လ်ဒီလိုလားသူများနှင့် စောင့်ကြည့်အကဲခတ်နေသော ပြည်သူများအတွက် လွန်စွာအန္တရာယ်ရှိသောအခြေအနေဖြစ်ကြောင်း ၎င်းတို့ကပြောပါတယ်။

အေ အဆင့် မျက်စိစမ်းသပ်စစ်ဆေးရန် ရောက်ရှိလာသော မိုးရထားစက်ခေါင်းမောင်းဝန်ထမ်းများကိုလည်း မျက်စိစစ်ဆေးမှု ရက်အကန့်အသတ်မရှိဆိုင်းငံ့ထားကြောင်း ဆေးရုံဝန်ထမ်းများက အတည်ပြုပြောကြားပါတယ်။

# ကြွက်မှ ကူးစက်သည့် ရောဂါကြောင့် မြန်မာအလုပ်သမား ၂ ဦးသေဆုံး

**NEJ၊ မေ ၂၀။** ။ မလေးရှားနိုင်ငံ ပီနန်ကျွန်းမှာ မြန်မာအလုပ်သမားများအား ထိန်းသိမ်းထားတဲ့ အချုပ်စခန်းအတွင်းမှာ Leptospirosis ခေါ်တဲ့ အသားဝါ ရောဂါတမျိုး ကူးစက်ပျံ့နှံ့ခဲ့တာကြောင့် တပတ်အတွင်း မြန်မာနိုင်ငံသား ၂ ဦး အသက်ဆုံးရှုံးခဲ့ပြီး အခြားအလုပ်သမား ၂၄ ဦးတို့လည်း ရောဂါကူးစက်မှုဖြစ် နေတာကြောင့် မလေးရှားနိုင်ငံထုတ် သတင်းစာများမှာ ဖော်ပြထားပါတယ်။

ပီနန်ကျွန်း စပရန် ပရိုင်း Seberang Prai ဗဟိုအကျဉ်းစခန်းရှိ ဂျူရူးထိန်း သိမ်းရေးစခန်းအတွင်း ဆာလာဟင် ၂၆ နှစ်အမည်နဲ့ မှတ်ပုံတင်ထားတဲ့ မြန်မာ နိုင်ငံသားတဦး အဲဒီရောဂါနဲ့ ယမန်နေ့က Seberang Jaya ဆေးရုံမှာ သေဆုံး ခဲ့ကြောင်း မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနမှ ဒါရိုက်တာ အဗဒါရာမန် အိုမန်အား ကိုးကားပြီး The Stat သတင်းစာမှာ ရေးသားထားပါတယ်။

အသားဝါရောဂါကြောင့် အခုသေဆုံးမှုသည် ဒုတိယမြောက်ဖြစ်ပြီး အဲဒီ ဆေးရုံမှာပဲ ၂၀ နှစ်အရွယ် ထန်ဟိန်ပင်အမည်ရှိ မြန်မာနိုင်ငံသားတဦးတည်းလဲ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က သေဆုံးခဲ့ကြောင်း သိရပါတယ်။ အဲဒီလို အသက်ဆုံးရှုံးမှု တွေဖြစ်ပွားခဲ့ပြီးနောက် မလေးရှားနိုင်ငံတဝန်းရှိ တရားမဝင်လာရောက် အလုပ် လုပ်ကိုင်နေသူများကို ထိန်းသိမ်းထားရာ စခန်းပေါင်း ၁၂ နေရာမှာ တကိုယ်ရေ သန့်ရှင်းရေး၊ ကျန်းမာရေးနဲ့ညီညွတ် သန့်ရှင်းရေးဆိုင်ရာ မြှင့်တင်ရေးလုပ်ငန်း များကို လုပ်ဆောင်ရန် ဌာနဆိုင်ရာတာဝန်ရှိသူတို့က ညွှန်ကြားထားကြောင်း သိရှိပါတယ်။

ပီနန်မြို့ ကျန်းမာရေးဌာနရဲ့ အစီရင်ခံစာအရ အဆိုပါ ရောဂါကူးစက် ပြန့်ပွားမှုသည် ဂျူရူးထိန်းသိမ်းရေးစခန်းရဲ့ သောက်ရေနဲ့အစားအစာ ညစ်ညမ်း မှုကြောင့်ဖြစ်နိုင်ပြီး အဲဒီအချုပ်စခန်းမှာ ထိမ်းသိမ်းထားသူ ၅၅၀ အနက် မြန်မာ နိုင်ငံသား ၂၆ ဦးနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၂ ဦးရောဂါကူးစက်ခံရလို့ ဆေးရုံ ကို ပို့ထားကြောင်း The New Straits Times နဲ့ The Stat သတင်းစာများက ရေးသားဖော်ပြပါတယ်။

Leptospirosis (ကြွက်မှတဆင့် ကူးစက်တတ်သော အသားဝါ) ရောဂါ သည် ကူးစက်ခံရပြီး တပတ်မှ နှစ်ပတ်အတွင်း အဖျားရောဂါစတင်ဖြစ်ပွားပြီး အများပိုးသည် (ကြွက်၊ ခွေး၊ ဝက်၊ နွား)တို့ရဲ့ ကျင်ငယ်ရည်မှ တဆင့် လူတို့ရဲ့ပွန်း ရှဒဏ်ရာအရေပြားမှ ခန္ဓာကိုယ်အတွင်း ဝင်ရောက်တတ်ပြီး အဖျားရှိသူများသည် ခေါင်းကိုက်ခြင်း ကိုယ်လက်မအီမသာဖြစ်ခြင်းအပါအဝင် မျက်လုံးနဲ့အသားဝါ လာပြီးနောက် ချောင်းဆိုးသွေးပါခြင်း၊ မျက်လုံးအိမ်နာခြင်း၊ ခြေသလုံးကြွက်သား နာခြင်းများခံစားရပြီး အသက်အန္တရာယ်ကိုပါစိုးရိမ်ရတယ်လို့ Leptospirosis သတင်းအချက်အလက်ဌာနရဲ့ အင်တာနက်စာမျက်နှာမှာ ဖော်ပြထားပါတယ်။

ရောဂါစတင်ဖြစ်ပွားတဲ့ ဂျူရူးထိန်းသိမ်းရေးစခန်းမှာ ရောဂါအခြေအနေ ကို လေ့လာနိုင်ရန်အတွက် ကျန်းမာရေးဝန်ထမ်းများအား ၂၄ နာရီ ဝင်ထွက်ခွင့် ပြုထားတယ်လို့ ပီနန်မြို့မှာ မြန်မာနိုင်ငံအလုပ်သမားအရေးဆောင်ရွက်နေသူတ ဦးဖြစ်တဲ့ ကိုမင်းနိုင်က ခေတ်ပြိုင်ကို အခုလိုပြောပြပါတယ်။

“ဒါပေမယ့် ကျနော်တို့အနေနဲ့က ဆေးရုံကိုလည်း ဝင်ခွင့်မရတော့ အကုန်လုံးကို မသိဘူး၊ သေသွားတဲ့သူတွေက ချင်းလူမျိုးတွေလို့တော့ ကျန်းမာ ရေဝန်ထမ်းတွေကပြောတယ်”။

မလေးရှားနိုင်ငံရှိ မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ်သံရုံးတို့ကလည်း အဲဒီရောဂါ ကူးစက်ခံထားရတဲ့ ဂျူရူးထိန်းသိမ်းရေးစခန်းကို အခုတပတ်အတွင်း သွားရောက် မယ်လို့လည်း သိရပါတယ်။

# လန်ဒန်မြို့က မြန်မာ့ဒီမိုကရေစီအင်အားစုတွေ ဆက်လက်ဆန္ဒပြတောင်းဆို

**DVB၊ မေ ၁၉။** ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးအတွက် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ နအဖသံရုံးရှေ့မှာ မြန်မာ့ ဒီမိုရေစီအင်အားစုတွေ ၂၄ နာရီ ကြာ အစာငတ်ခံဆန္ဒပြကြပါတယ်။

အစာငတ်ခံဆန္ဒပြပွဲကို ဒီနေ့ နေလည် ၁၂ နာရီမှာ ရုပ်သိမ်းပြီး တနာ ရီကြာ ဆန္ဒပြပွဲဆက်လက်ပြုလုပ်နေတယ်လို့ ကိုယ်တိုင်အစာငတ်ခံဆန္ဒပြတဲ့ မြန်မာမှုဆလင် အစည်းအရုံးမှ ကိုကျော်စွာက ပြောပါတယ်။

“မနက်မှာ ကျနော်တို့နဲ့ လာပူးပေါင်းတဲ့ အင်္ဂလိပ်နှစ်ယောက် ရောက် နေတယ်၊ သူတို့ သူငယ်ချင်းတွေလည်းလာမယ်ပြောတယ်။ သူတို့တွေက ကျနော် တို့ကို ထောက်ခံတယ်၊ ဖြတ်သွားဖြတ်လာလူတွေကတော့ အပြည့်အဝအားပေး တယ်၊ လက်ခုပ်သြဘာပေးတယ်၊ စာနာတဲ့အကြောင်း ပြောတယ်။ ဒေါ်အောင်ဆန်း စုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးအတွက် အစာငတ်ခံ ဆန္ဒပြတာဖြစ်ကြောင်း ဆိုင်းဘုတ်တွေ ကျနော်တို့ရေးထားတယ်။ ဒါပြီးရင် တနာ ရီအထိ ဆန္ဒပြပွဲရှိတယ်။ လောလောဆယ် ၅၀ လောက်တော့ ရှိပြီ။”

အစ္စရေးနိုင်ငံ တဲလေးဗေးမြို့ရှိ နအဖ သံရုံးရှေ့မှာ ဒီမိုကရေစီလိုလားသူ အလုပ်သမား ၁၅ ယောက်ကလည်း ဒေါ်အောင်ဆန်းစုကြည်အပေါ် မတရားသ ဖြင့် ပြုမူတဲ့အပေါ် ဆန့်ကျင်ဆန္ဒပြခဲ့ကြတယ်လို့ ဆန္ဒပြပွဲကို ဦးဆောင်တဲ့ မြန်မာ အလုပ်သမား ကိုအောင်နိုင်ဝင်းက ပြောပါတယ်။

“ဆန္ဒပြတဲ့ အဓိကရည်ရွယ်ချက်ကတော့ နအဖက မတရားသဖြင့် တိုင်းပြည်အာဏာကို လုယူထားတာ နှစ်ပေါင်းများစွာကြာနေပြီ၊ ဒေါ်အောင်ဆန်း စုကြည်ကိုလည်း နေအိမ်မှာ အကျယ်ချုပ် ချုပ်ထားပြီး အခုထောင်ထဲပါ ထပ် ထည့်တယ်။ ကျနော်တို့ ခေါင်းဆောင်တွေအကုန်လုံးထောင်ထဲမှာ ထည့်ထား တယ်။ အဲဒါ မတရားတာကို မတရားတဲ့အတိုင်း သူတို့ကို ကျနော်တို့က ဆန္ဒ လာပြနေရတာ။ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရမယ်၊ စစ်မှန်တဲ့ ဒီမိုက ရေစီလိုချင်တယ်။ နအဖလုပ်တဲ့ ဘယ်ကိစ္စမဆို ကျနော်တို့ လုံးဝဆန့်ကျင်တယ်။ ၂၀၁၀ ရွေးကောက်ပွဲကို သူ့သဘောနဲ့သူ လုပ်ထားတဲ့ ဥပဒေတွေနဲ့ လုံးဝလက် မခံနိုင်ဘူး။ မတရားတဲ့ ဥပဒေမှန်သမျှ ဦးဝင်းတင်ပြောသလိုပဲ ကျနော်တို့က ဆန့်ကျင်ကြရမှာ။”

ဆန္ဒပြပွဲမှာ ဖိလိပိုင်နိုင်ငံသားနဲ့ တရုတ်နိုင်ငံသားတွေပါ ပါဝင်ပြီး ဒေသ စံတော်ချိန် မနက် ၉ နာရီကနေ ၁၂ နာရီအထိ နအဖသံရုံးရှေ့မှာ ဆန္ဒပြခဲ့ပါတယ်။ သံရုံးဘက်က ဓာတ်ပုံရိုက်မှတ်တမ်းတင်ခဲ့တယ်လို့ ကိုအောင်နိုင်ဝင်းက ပြော ပါတယ်။ ထိုင်း-မြန်မာနယ်စပ် မဲဆောက်မြို့ မယ်တော်ဆေးခန်းမှာ မြန်မာ့ဒီမို ကရေစီလိုလားသူ ၄၀၀ ကျော်က ဆုတောင်းပွဲပြုလုပ်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည် နဲ့နိုင်ငံရေးအကျဉ်းသားအားလုံး အမြန်ဆုံးလွတ်ပေးရေး၊ မြန်မာ့အရေးကို အမေ ရိကန်က အမြန်ဆုံးအရေးယူဆောင်ရွက်ပေးရေး၊ မြန်မာပြည် အမြန်ဆုံးလွတ် မြောက်ပါစေ စတဲ့ ပိုစတာတွေ ကိုင်ဆောင်ပြီး ကြွေးကြော်ဆန္ဒပြတောင်းဆိုခဲ့ကြ ပါတယ်။

### ပြက္ခဒိန်မှ

မေ ၂၂၊ **Yomiuri** ။ ။ ဒေါ်အောင်ဆန်းစုကြည်၏ ကံကြမ္မာအတွက် စိုးရိမ်ပူပန် ကြောင်း ထိုင်းဝန်ကြီးချုပ် Abhisit မှ Yumiuri သတင်းစာ၏အမေးတွင်ဖြေ၏။

မေ ၂၂၊ **S Africa**။ ။ ဒေါ်အောင်ဆန်းစုကြည်အား ချက်ချင်းလွှတ်ရန် တောင်အာ ဖရိကနိုင်ငံမှ တောင်းဆို၏။

မေ ၂၂၊ **Korea Times**။ ။ ကိုရီးယားသမတဟောင်း ကင်ဒိုင်းဂျုံသည် ဒေါ်အောင် ဆန်းစုကြည်လွတ်မြောက်ရေးလှုပ်ရှားမှုအတွက်သုံးရန် ကိုရီးယားရောက် မြန်မာပါလီမန်ကိုယ်စားလှယ်များနှင့် အဲန်အဲလ်ဒီအဖွဲ့ဝင်များသို့ သူ၏နေအိမ် တွင် ဖိတ်ကြား၍ မြန်မာအရေး ရံပုံငွေရှာပွဲမှရ ဒေါ်လာ တသောင်းလှူဒါန်း၏ ။

မေ ၂၃၊ **Mizzima**။ ။ သိသာထင်ရှားသော လိမ်လည်လုပ်ကြံမှုဟု တကမ္ဘာလုံးမှ သိနေသော်လည်း နအဖစစ်အုပ်စုမှ ဒေါ်အောင်ဆန်းစုကြည်အမှုသည် လုပ်ကြံ ဖန်တီးခြင်းမဟုတ်ဟု ပြောင်ပြင်းဆိုကြောင်း။

# စီးပွားရေးပိတ်ဆို့အရေးယူမှုအကြောင်း တစေ့တစောင်း

ခင်မမမျိုး

**ယခင်အပတ်အဆက်**

သူတို့ရဲ့ပိတ်ဆို့အရေးယူမှုဖြစ်ရပ် ၁၁၅ ခု ဆန်းစစ်ချက်မှာတော့ ဖြစ်ရပ် ၄၀ မှာ အောင်မြင်မှုတွေရရှိခဲ့တယ်လို့ ဖော်ပြကြပါတယ်။ သူတို့ဆန်းစစ်ချက်တွေဟာ အထက်မှာပြောခဲ့တဲ့ ပညာရှင် Pape ရဲ့ ဆန်းစစ်ချက်တွေနဲ့တူတာတွေရှိပေမယ့် Pape ဆိုထားတဲ့ ပြစ်မှတ်နိုင်ငံကိုအရေးယူမှုမှာ စီးပွားရေးပိတ်ဆို့မှုနည်းလမ်းတခုတည်းကိုဘဲ သုံးရမယ်ဆိုတဲ့အချက်နဲ့တော့ မကိုက်ညီပါဘူး။

သူတို့ကတော့ စီးပွားရေးပိတ်ဆို့အရေးယူမှု ထိရောက်ဘို့အတွက် စစ်ရေးအရအရေးယူမှုတွေ၊ တခြားသောသံတမန်ရေး အရေးယူမှုတွေပါ ပေါင်းစပ်ပြုလုပ်ဘို့လိုအပ်ကြောင်း ပြောဆိုခဲ့ပါတယ်။ တချို့သောပညာရှင်တွေကတော့ စစ်ရေးအရအရေးယူမှုကသာ အထိရောက်ဆုံးနည်းလမ်းဖြစ်တာတွေကြောင့် Liberal Alternative View to War ဖြစ်တဲ့ စီးပွားရေးပိတ်ဆို့အရေးယူမှုကို အချိန်ကုန်ခံပြုလုပ်မနေဘဲ Military Instruments တွေနဲ့ဖြေရှင်းဘို့ အကြံပြုပြောဆိုကြပါတယ်။ ဒီနေရာမှာ နိုင်ငံတကာအဖွဲ့အစည်းတွေကဘဲဖြစ်ဖြစ်၊ နိုင်ငံတခုချင်းစီအလိုက်ကဘဲဖြစ်ဖြစ် ပြစ်မှတ်နိုင်ငံအပေါ် အရေးယူနိုင်တဲ့နည်းလမ်းများကို ထည့်သွင်းဖော်ပြပါမယ်။

နိုင်ငံတကာအဖွဲ့အစည်းတွေအနေနဲ့ကတော့ ယေဘူယျအားဖြင့် ပြစ်မှတ်နိုင်ငံတွေအပေါ်မှာ Multilateral Economic Santions ချမှတ်ခြင်းနဲ့ Military Intervention ပြုလုပ်ဘို့ Authorised လုပ်ပေးခြင်းဘဲဖြစ်ပါတယ်။ ဒါပေမယ့် ဒီလိုရေးရာတွေမှာ အရေးပါတဲ့ Un Security Council ကိုယ်တိုင်မှာက Log-rolling Problem လို့ခေါ်တဲ့ ပြဿနာတရပ်ကိုရင်ဆိုင်နေရပါတယ်။ ဒီပြဿနာရဲ့ အရင်းခံကတော့ ဗီတိုအာဏာကိုကျင့်သုံးနိုင်တဲ့ P 5 ငါးနိုင်ငံဘဲဖြစ်ပါတယ်။ Crisis တခုဟာ ဒီနိုင်ငံ ၅ ခုထဲက တနိုင်ငံနဲ့ဘဲဖြစ်ဖြစ်၊ နိုင်ငံအများစုနဲ့ဘဲဖြစ်ဖြစ် ဆက်စပ်နေတဲ့အခါမှာ တခြားသောနိုင်ငံတခုကဘဲဖြစ်ဖြစ်၊ နိုင်ငံများကဘဲဖြစ်ဖြစ် ထောက်ခံမှုမပေးတာ ဗီတိုအာဏာကျင့်သုံးတာတွေ ဖြစ်ပါတယ်။

ဒီပြဿနာကိုကျော်လွှားနိုင်ဘို့ဆိုတာက အတော်ဘဲခဲယဥ်းလှသလို UN Security Council ရဲ့ခွင့်ပြုချက်မရဘဲ နိုင်ငံတခုကနေတခြားနိုင်ငံတခုကို လူသားချင်းစာနာလို့ဘဲပြောပြော ဘာဘဲပြောနေနေ စစ်ရေးအရဝင်ရောက်စွက်ဖက်မှုပြုလုပ်ပေးနိုင်ဘို့ဆိုတာက ခဲယဥ်းလှတာကြောင့် နိုင်ငံတွေအနေနဲ့က တခြားနိုင်ငံတခုအပေါ် အရေးယူမှုလုပ်တဲ့အခါမှာ ထိရောက်မှုအားနည်းတဲ့ Economic Sanction ကိုဘဲပြုလုပ်နိုင်ကြတာများပါတယ်။

ယေဘူယျအားဖြင့်ဆိုရင် နိုင်ငံတခုချင်းအလိုက် တခြားနိုင်ငံတခုကို အရေးယူမှုလုပ်တဲ့အခါမှာ Foreign Policy Tools တွေအနေနဲ့သုံးနိုင်တာတွေကတော့

(၁) No Action (ဘာမှမဆိုင်တဲ့အနေနဲ့ ရှောင်ဖယ်နေခြင်း)

(၂) Diplomatic Measures- Economic Sanctions (သံတမန်နည်းလမ်းများ၊ စီးပွားရေးပိတ်ဆို့အရေးယူမှု)

(၃) Limited Bombings (အကန့်အသတ်ဖြင့်ပုံးချဲမှု)

(၄) Unconventional Warfare (လက်နက်ကိုင်တော်လှန်ရေးများတွင် ကူညီပံ့ပိုးမှု)

(၅) Peacekeeping Operations (ငြိမ်းချမ်းရေးတပ်ဖွဲ့များစေလွှတ်မှု)

(၆) Total War (အလုံးစုံစစ်ပွဲဆင်နွဲမှု) တို့ဘဲဖြစ်ပါတယ်။

၂၁ ရာစုရဲ့ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းမှာ နိုင်ငံအများစုအနေနဲ့ တခြားနိုင်ငံရေးရာနဲ့ပတ်သက်ရင် ပြည်တွင်းရေးဝင်မစွက်ဘက်ဘူးဆိုပြီး ရှောင်ဖယ်နေတာ၊ မဟုတ်ရင်လည်း စီးပွားရေးပိတ်ဆို့အရေးယူမှုလုပ်တာတွေလောက်ကိုဘဲ အများဆုံးလုပ်နိုင်လာပါတော့တယ်။ ဒါကြောင့်လည်း စီးပွားရေးပိတ်ဆို့မှုဟာ ထိရောက်မှုအားနည်းပေမယ့်လည်း ဒါကိုဘဲ အရေးယူဘို့စဥ်းစားမယ်ဆိုရင် ဒါကိုဘဲ ရွေးစရာရှိတာမို့ လုပ်နေကြတာဘဲဖြစ်ပါတယ်။ အခုဆက်လက်ပြီး စီးပွားရေးပိတ်ဆို့အရေးယူမှုကို ထိရောက်မှုအားနည်းစေတဲ့ အချက်များကိုဆက်လက်တင်ပြပါမယ်။

**စီးပွားရေးပိတ်ဆို့အရေးယူမှုရဲ့အားနည်းချက်များ**

စီးပွားရေးပိတ်ဆို့အရေးယူမှုရဲ့ ပထမဆုံးအားနည်းချက်ကတော့ ဒီအပေါ်မှာထားတဲ့မျှော်လင့်ချက်ကြီးမားမှု ပြဿနာဖြစ်ပါတယ်။ နိုင်ငံတခုအပေါ် ပိတ်ဆို့အရေးယူမှုလုပ်တာနဲ့ ဒီလိုအရေးယူမှုအပေါ်မှာ အောင်မြင်တော့မှာဘဲဆိုတဲ့ မျှော်လင့်ချက်ကြီးပါ။ အထူးသဖြင့် အာဏာရှင်တွေက အစိုးရတွေကို ဖြုတ်ချဘို့ကြိုးစားတဲ့ အတိုက်အခံတွေနဲ့ ပြည်သူလူထုတွေဖြစ်ပါတယ်။

တချို့သောနိုင်ငံတွေမှာဆိုရင် နိုင်ငံရေးအသိပညာအားနည်းမှုကြောင့် စီးပွားရေးပိတ်ဆို့အရေးယူမှုဆိုတာကြီးကို မှော်လက်နက်ကြီးလို့ထင်တတ်ကြပါတယ်။ တခြားလိုအပ်တဲ့စစ်မျက်နှာတွေမှာ ဖြည့်ဆည်းကြိုးပမ်းမှုတွေမရှိတော့ဘဲ Unilateral Sanction ဖြစ်အောင် အာရုံစိုက်ကြိုးပမ်း၊ အဲဒီကနေ Multilateral Sanction ကြီးဖြစ်တော့မှာဘဲဆိုပြီး မျှော်လင့်ချက်တွေထား၊ အဲဒီမှာတင် UN Secucrity Council ရဲ့ Log-rolling Problem နဲ့သွားတွေ့ တလိမ့်ခေါက်ခွေးပြန်ပြုတ်ကျ၊ တခြားစစ်မျက်နှာမှာလည်း ဖြည့်ဆည်းထားတာတွေမရှိတော့ ဒါကြီးကိုဘဲ အာရုံပြန်စိုက်၊ Multilateral Sanction မဟုတ်တဲ့အတွက် ထိရောက်မှုကလည်းအားနည်း စီးပွားရေးပိတ်ဆို့မှုရုတ်သိမ်းဘို့ အော်သူတွေကလည်းပေါ်လာနဲ့ နောက်ဆုံးတော့ ရှိပြီးသား Unilateral Sanction လေးပျောက်သွားမှာစိုးလို့ ကျားကုတ်ကျားခဲ လိုက်ဆွဲသူတွေကဆွဲ၊ မဆွဲသူတွေကလည်း "Sanction လေးဘဲအားကိုးစရာရှိတာ၊ ဒါလေးပျောက်သွားရင် ဒီတသက်မနိုင်တော့ပါဘူး။" ဆိုပြီး စိတ်ဓာတ်တွေကျ၊ နိုင်ငံတကာတာဝန်ရှိသူတွေနဲ့ စကားပြောဆိုတဲ့အခါမှာ "ထိရောက်တယ်ပြောရတာကလည်းအခက်၊ မထိရောက်ဘူးပြောရရင်ကလည်း အခက်။" မို့ မသိပါဘူးဆိုပြီး ဆင်ဇော့ရန်ရှောင်လုပ်ကြရနဲ့ လုံးချာလည်လိုက်ကုန်တော့တာပါဘဲ။

ဒါကတော့ ကနဦးပိုင်းမှာကတည်းက စီးပွားရေးပိတ်ဆို့မှုနဲ့ နိုင်ငံတကာအရေးယူမှုဆိုတာကို မှော်လက်နက်ကြီးတခုလို ယုံကြည်အားကိုးလိုက်ကြတဲ့ Strategic Failure ရလာဒ်ပါ။ အဆန်းတကျယ်တော့မဟုတ်ပါဘူး။ ဖြစ်လေ့ဖြစ်ထရှိပါတယ်။ ပညာရှင် Rarick ဆိုသူက စီးပွားရေးပိတ်ဆို့မှုထိရောက်ဘို့လိုအပ်တဲ့ Prerequisites ၆ ရပ်ကို ထောက်ပြခဲ့ပါတယ်။ ဒီ ၆ ရပ်ကတော့ စီးပွားရေးပိတ်ဆို့အရေးယူမှုမှာ Modest Policy ကိုသာချမှတ်ရပါမယ်။ ကုန်သွယ်ရေးပိတ်ဆို့မှုနည်းလမ်းတွေရော၊ ဘဏ္ဍာရေးပိတ်ဆို့မှုနည်းလမ်းတွေကိုပါ တပြိုင်တည်းပြုလုပ်ရပါမယ်။

ပိတ်ဆို့ခံရတဲ့တိုင်းပြည်ဟာ တခြားသောတတိယနိုင်ငံတွေ၊ အဖွဲ့တွေဆီက ထောက်ပံ့မှုမရ ရပါဘူး။ ပိတ်ဆို့မှုပြုလုပ်တဲ့နိုင်ငံဟာ ပိတ်ဆို့ခံရတဲ့နိုင်ငံထက် စီးပွားရေးအဆောက်အဦ ပိုကြီးရပါမယ်။ ပိတ်ဆို့မှုပြုလုပ်တဲ့အခါမှာ နိုင်ငံတကာရဲ့ပူးပေါင်းပါဝင်မှု လိုအပ်ပါတယ်။ ပိတ်ဆို့ခံရတဲ့တိုင်းပြည်ဟာ နိုင်ငံရေးအရရော၊ စီးပွားရေးအရပါ အားနည်းတဲ့တိုင်းပြည်ဖြစ်ရပါမယ်။ ဒီအချက် ၆ ရပ်လုံးနဲ့မကိုက်ညီဘဲပြုလုပ်တဲ့ စီးပွားရေးပိတ်ဆို့အရေးယူမှုတွေဟာ ထိရောက်ဘို့မလွယ်ကူပါဘူး။

နောက်ထပ်အားနည်းချက်တခုကတော့ စီးပွားရေးပိတ်ဆို့အရေးယူမှုဆိုတဲ့ သဘောတရားကိုယ်တိုင်ဘဲဖြစ်ပါတယ်။ ဒီသဘောတရားဟာ အကြောင်းအရာမျိုးစုံ ရှုဒေါင့်မျိုးစုံနဲ့ပတ်သက်ဆက်စပ်ပါတယ်။ ဒီတော့ စီးပွားရေးအရေးယူပိတ်ဆို့မှုဆိုတာကို ရှုဒေါင့်မျိုးစုံကကြည့်ပြီး ကွဲပြားခြားနားတဲ့အမြင်တွေကလည်း ပေါ်ပေါက်လာတော့တာပါဘဲ။ ဒါတွေဟာ တနိုင်ငံတည်းမှာ တချိန်တည်းမှာဖြစ်ပျက်နေတာတွေမဟုတ်ပါဘူး။

**ဆက်လက်ဖော်ပြပါမည်**

# ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ပြည်သူများ တသားတည်းရှိ

**Irrawaddy၊မေလ ၂၁။ ။** အင်းစိန်ထောင်ဘူးဝနားတွင် ငုတ်တုတ် ထိုင်လိုက်၊ အင်းစိန်ထောင်ဘေးတွင် လမ်းလျှောက်လိုက်လုပ်နေသော သူတို့ကို ညှိဝါရောင် ယူနီဖောင်းနှင့် အကျဉ်းထောင်လုံခြုံရေးဌာနမှ ဝန်ထမ်းများနှင့် ယူနီဖောင်းမီးခိုးပြာရောင်ဝတ် ရဲများက ထောင်နားတွင်မနေရန် ပြောဆိုမောင်းထုတ်ခဲ့သည်။

သို့သော်လည်း သူတို့ ၃ ဦးစလုံး အင်းစိန်ထောင်ပတ်ဝန်းကျင်ကမခွာဘဲ စောင့်နေခဲ့ကြသည်မှာ မေလ ၁၈ ရက်နေ့ကတည်းကဖြစ်သည်။ နေဘယ်လောက်ပူပူ၊ မိုးဘယ်လောက်ပင်ရွာရွာ သူတို့က အမိုးအကာကင်းမဲ့သည့်ကြားမှ ခေါင်းမာပေကာပ်စွာ ကြောက်ရွံ့ခြင်းကင်းလျက် စောင့်ခဲ့ကြခြင်းဖြစ်သည်။ "ကျနော်တို့ကတော့ ဒေါ်စုကိုလာအားပေးတာပါ။ ကျနော်တို့ရှိတာကို သိသိ မသိသိ လာအားပေးချင်တဲ့စိတ်နဲ့ကို လာတာ။" ဟု အသက် ၃၅ နှစ်အရွယ် ကိုမျိုးကြီးကပြောပြသည်။

အသားညိုသည့်ကြားထဲ နေပူလောင်ထားသည့်အတွက် သူ့မျက်နှာတပြင်လုံး မည်းညစ်လျက်ရှိပြီး ခြေများကလည်း သူဝတ်ထားသော အင်္ကျီအဖြူတွင် ရွှံ့စိုနေသေးသည်။ သို့တိုင်အောင် သူ့မျက်နှာတွင် အပြုံးများရှိနေပြီး သူတို့ကို ရဲများနှင့် ရယက များက မောင်းထုတ်သည့်အကြောင်းပြောပြသည်။

"ပထမတော့ကြောက်စိတ်ဝင်လာတယ်၊ ပြီးတော့မခံချင်ဖြစ်မိတယ်။ ကျနော်တို့ဘာသာကျနော်တို့ အများပြည်သူလျှောက်လို့ရတဲ့ လမ်းမှာလျှောက်တယ်၊ လမ်းဘေးသစ်ပင်အောက်မှာထိုင်တယ်၊ အဲဒါ ဘာမောင်းထုတ်စရာရှိသလဲ။ သူများတွေလည်းဒီလိုဘဲ သွားကြလာကြတာ၊ သူတို့လမ်းပိတ်ထားတဲ့ထဲကို သွားလို့ မောင်းထုတ်တယ်ဆိုရင်တမျိုးပေါ့။ အဲဒါနဲ့ သူတို့မောင်းထုတ်ရုံမကလို့ အချုပ်ကားပေါ်စွဲတင်ရင် တင်ပါစေဆိုပြီး နေရာပြောင်းပြောင်းပြီး နေနေတာ၊ အဲလို လုပ်နေတော့ သူတို့လည်းစိတ်ပျက်ပျက်နဲ့ ခဏခဏလာမောင်းထုတ်လိုက် သူတို့နေရာပြန်သွားလိုက်နဲ့ ကစားနေရသလိုဘဲ အပျင်းပြေတယ်။" ဟုသူက ရယ်ရင်းပြောသည်။

ထောင်ဘူးဝတွင် ရပ်နေသူများသဖြင့် ထောင်ဝင်စာတွေ့မည့်သူများကိုသာ တွေ့မည့်သူနာမည်၊ အိမ်ထောင်စုစာရင်း စသည်တို့နှင့် တိုက်ဆိုင်စစ်ဆေးပြီး ထောင်ဝန်းအတွင်းဝင်ခိုင်းသည်။ ထောင်ဝင်စာတွေ့ရန်လာသူ မဟုတ်လျှင် ထောင်အနားတွင်မနေရန် မောင်းထုတ်သည်။ အကျဉ်းထောင်မျက်နှာချင်းဆိုင်ရှိ ကျော်လွှက်ရည်ဆိုင်နှင့် ငွေလသာ စားသောက်ဆိုင်တို့တွင်လည်း လူများဆိုင်လုံးပြည့်ထိုင်နေကြသောကြောင့် သူတို့ ၃ ဦးမှာ အင်းစိန်ထောင်ရှေ့ရှိ ကွမ်းယာဆိုင်လေးများတွင်ထိုင်၍ တမျိုး၊ ထောင်ဘေး ဘုရင့်နောင်လမ်းမကြီးပေါ်တွင် လမ်းလျှောက်၍၊ ရပ်၍တမျိုး၊ အရိပ်ရသစ်ပင်များအောက်တွင် ထိုင်ကာတသွယ် ပြုလုပ်ရင်း သူတို့ချစ်ခင်ကြည်ညိုသော ဒေါ်အောင်ဆန်းစုကြည်ကို အားပေးနေကြသည်ဟု ပြောပြသည်။ သူတို့လိုပင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လူငယ်အဖွဲ့၊ အမျိုးသမီးများအဖွဲ့ဝင်များကိုလည်း ၂ ဦးတစု၊ ၃ ဦးတစုဖြင့် နံနက် ၉ နာရီထိုးပြီးသည်နှင့် တဖွဲဖွဲ အဖွဲ့လိုက်ရောက်လာကြသည်ကို တွေ့ရသည်။ သူတို့အားလုံး အင်းစိန်ထောင်ပတ်ဝန်းကျင်၌ပင် ရပ်လိုက်၊ လမ်းလျှောက်လိုက်နှင့် နံနက် ၁၀ နာရီဝန်းကျင် မှ ညနေ ၃ နာရီကျော် ၄ နာရီအထိ ရှိနေခဲ့ကြသည်။

"အရင်နေ့တွေက ဆရာဦးဝင်းတင်လာသေးတယ်။ မနေ့ကဆို နေပူနေတော့ ဆရာ့ကိုရှေ့ကလွှက်ရည်ဆိုင်မှာ ထိုင်စောင့်ပါလို့ပြောတာမရဘူး။ ကျနော်တို့နဲ့လာရပ်စောင့်နေတယ်ဗျာ။ ဒီနေ့လည်း လာမယ်လို့ပြောတယ်။" ဟု ရန်ကုန်တိုင်း NLD လူငယ်အဖွဲ့ဝင်တဦးကပြောသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် အသက် ၇၀ ကျော် ၈၀ နီးပါးရှိ သတင်းစာဆရာကြီးဦးဝင်းတင်သည် နေကျဲကျဲတောက်ပူနေသည့်ကြားမှ ဘတ်စ်ကားတိုးဝှေ့စီးပြီး ထီးဆောင်းကာ တခြား NLD အဖွဲ့ဝင်များနှင့်အတူလာရောက်၍ စောင့်ကြည့်လေ့ရှိကြောင်းသိရသည်။ ဦးဝင်းတင်ကို အထူးစောင့်ကြည့်နေသူများရှိသည်ဟု သိရသည်။

"ဆရာဦးဝင်းတင်ဘယ်သွားသွား ဘတ်စ်ကားဘဲစီးတော့ သူ့နောက်လိုက်နေတဲ့သူတွေက အောင့်သက်သက်နဲ့ ဘတ်စ်ကားလိုက်စီးရတော့တာဘဲ။ နောက်ကတော့ တောက်လျှောက်ကိုလိုက်နေကြတာ။ ဒီကိုလာတော့လည်း ပါလာတယ်။ ဆရာရပ်တာကို မြင်နိုင်တဲ့နေရာကနေ စောင့်ကြည့်ကြတယ်။" ဟု NLD လူငယ်တဦးကပြောပြသည်။

NLD လူငယ်အဖွဲ့ဝင်တချို့နှင့် အမျိုးသမီးအဖွဲ့ဝင်တချို့တို့သည် မေလ ၁၅ ရက်နေ့ကတည်းက ရုံးချိန်းရှိသည့်ရက်တိုင်း နံနက်မှညနေ ရုံးဆင်းချိန်အထိ တနေကုန်လာစောင့်နေကြကာ ညနေရုံးချိန်းသိရမှ ၎င်းတို့ရုံးချုပ်သို့ပြန်၍ သတင်းပို့ရသည်ဟုဆိုသည်။ "ရုံးမှာကျန်ခဲ့ရတဲ့လူတွေလည်း အရမ်းလာချင်ကြတယ်။ လူခွဲလာကြရတာလေ။ ကျမတို့ကတော့ အန်တီ့အကြောင်းကိုရသမျှ စုံစမ်းကြည့်နေတာဘဲ။ အန်တီ့ကိုအားလုံးက ရည်ရည်မွန်မွန်ဆက်ဆံတယ်။ အစားအသောက်လည်း ကောင်းကောင်းမွန်မွန်ကျွေးတယ်လို့တော့ ကြားရတာဘဲ။" ဟု NLD ဗဟိုအမျိုးသမီးအဖွဲ့မှ အသက် ၅၀ ဝန်းကျင်အရွယ် အမျိုးသမီးကြီးတဦးကပြောပြသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အများပြည်သူကြားနာနိုင်သော တရားခွင်တွင်စစ်ဆေးရန် တောင်းဆိုခဲ့သော်လည်း ၁၈ ရက်နေ့နှင့် ၁၉ ရက်နေ့တွင် တံခါးပိတ်ကြားနာခြင်းသာပြုလုပ်ခဲ့သဖြင့် NLD အဖွဲ့ဝင်များက ၎င်းတို့ဆန္ဒကို ထုတ်ဖော်သည့်အနေနှင့် လာရောက်ထိုင်စောင့်နေကြခြင်းဖြစ်ကြောင်း NLD လူငယ်အဖွဲ့ဝင်တဦးကပြောသည်။ စစ်အစိုးရက ၂၀ ရက်နေ့တရက်ကိုသာ တရားခွင်သို့ သတင်းထောက်များနှင့် သံတမန်များကို ဝင်ခွင့်ပေးခဲ့သည်။

NLD အဖွဲ့ဝင်တို့သည် လက်ရှိအခြေအနေတွင် ရုံးတွင်းကိစ္စများကို ဆောင်ရွက်ခြင်း၊ ဒေါ်အောင်ဆန်းစုကြည်အတွက် ဆုတောင်းပေးခြင်းများ ပြုလုပ်လျက်ရှိသည်ဟုသိရသည်။ "ဘယ်လိုလုပ်ပြီးအဖွဲ့ချုပ်က ခရီးစရိတ်ပေးနိုင်မှာလဲ ဘာမှမပေးနိုင်ဘူး။ ကျမတို့က ကိုယ့်ထမင်းကိုယ်စားပြီး နိုင်ငံရေးလုပ်လာတဲ့လူတွေဘဲ။ ခုလည်း ကိုယ့်အိမ်ကပိုက်ဆံနဲ့ ကိုယ့်ထမင်းဘူးနဲ့ လာခဲ့တာ။" ဟု အမျိုးသမီးအဖွဲ့မှ အဖွဲ့ဝင်တဦးကဆိုသည်။

သူတို့အဖွဲ့နှင့်မလှမ်းမကမ်းတွင် ရဲများ၊ ရယက များက သူတို့ကိုစူးစိုက်ကြည့်လျက်ရှိပြီး ထောင်ဘေးတလျှောက်တွင်လည်း ရဲအပြည့်ပါသော ရဲကားများမှာ ပေ ၅၀ တစီးနှုန်းဖြင့် ခပ်စိပ်စိပ်ချထားသည်ကို တွေ့ရသည်။ ယနေ့ထိတိုင် အင်းစိန်ဈေးနှင့် ဂုံးကျော်တံတားလမ်းသည်လည်း ပိတ်ထားဆဲဖြစ်ပြီး ထောင်ဝင်စာတွေ့ခွင့်ကိုလည်း ကန့်သတ်ထားသောကြောင့် အများစုမှာ ထောင်ဝင်စာတွေ့ရန် အခက်အခဲရှိနေကြသည်။

"ထောင်ထဲကို ပေးချင်တာရှိရင် သေချာစာရင်းနဲ့ထားခဲ့လို့ရတယ်။ ထောင်ထဲကလူတွေနဲ့တော့ တွေ့ခွင့်မရခဲ့ဘူး။" ဟု ယနေ့နံနက်တွင် ထောင်ဝင်စာလာတွေ့သူတဦးကပြောပြသည်။

---

**စာမျက်နှာ ၁၁ မှ**

တခုကို ဒီလိုမျိုး လာလုပ်နေတာကတော့ စိတ်အနှောင့်အယှက်ဖြစ်တာပေါ့။ ပြည်သူလူထုရဲ့ အမြင်မှာလည်း တမျိုးဖြစ်တာပေါ့" လို့ ဦးအုန်းကြိုင်က ပြောပါတယ်။

အထက်မြန်မာနိုင်ငံ မန္တလေးမြို့မှာလည်း မနေ့ကထက် လုံခြုံရေးတွေ တိုးချထားတယ်လို့ မန္တလေး အောင်မြေသာဇံသားတဦးက ပြောပါတယ်။

"နန်းမြို့ရိုး ကျုံးပတ်လည်တလျှောက်၊ ၃၅ လမ်းတလျှောက်၊ ဘုန်းကြီးကျောင်းတတိုက်တွေမှာ တီအီး စစ်ကားကြီးတွေနဲ့ လှည့်တာတော့ တွေ့တယ်။ လက်နက် အပြည့်အစုံနဲ့။ ရဲတပ်ရင်း ၄ ရယ်၊ ရဲတပ်ရင်း ၁၆ ရယ်၊ ရဲတပ်ရင်း ၁၄ ရယ်။ သုံးစီးလောက်က ကျုံးပတ်တယ်ဗျာ။ အောက်ဘက်မှာဘုန်းကြီးကျောင်းတွေများတော့ ပိုပတ်တာများတယ်။"

မန္တလေးမြို့မှာ အခုလို လုံခြုံရေးတွေတိုးချထားတာဟာ ပြည်သူလူထုဘက်ကလှုပ်ရှားမှုတွေ ပြုလုပ်လာမှာကို စိုးရိမ်လို့ အာဏာပိုင်ဘက်က ကြိုတင်အင်အားပြနေတာ ဖြစ်တယ်လို့လည်း အဲဒီ မန္တလေးမြို့ခံက ပြောပါတယ်။

ကိုယ့်တရား ကိုယ်စီရင်



# ဒေါ်အောင်ဆန်းစုကြည်နှင့် တသွေးတည်းရှိကြောင်း ဗြိတိန်ဝန်ကြီးချုပ်ပြောဆို

**Mizzima ၊ မေလ ၁၉ ။** ။ ဖမ်းဆီးထိန်းသိမ်းခံနေရသူ နိုင်ဘယ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူတကွ သွေးစည်းညီညွတ်စွာရပ်တည်နေကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းက ယနေ့ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။

ဝန်ကြီးချုပ်က ဒေါ်အောင်ဆန်းစုကြည်အမည်ကို လိပ်မူထားသည့် သူ၏အိတ်ဖွင့်ပေးစာထဲတွင် ယခုလိုပြောဆိုလိုက်ခြင်းဖြစ်ပါတယ်။ "မြန်မာနိုင်ငံလွတ်မြောက်ပြီး လုံခြုံစေရေးအတွက် သင်ပါဝင်ဆောင်ရွက်မှုမရမချင်း ကျွန်ုပ်တို့ဆက်လက်ဆောင်ရွက်ပါမည်။ အကျဉ်းကျခံနေရသူများ၊ ဖိနှိပ်ခံနေရသူများ၊ ဒီမိုကရေစီတိုက်ပွဲအတွက် မျှော်လင့်ချက်မဲ့နေသူများ၊ ဆင်းရဲငတ်မွတ်ဘေး ကြုံနေသူများနှင့် လူ့အခွင့်အရေးကာကွယ်သူများအားလုံးဘက်က ကျွန်ုပ်တို့ရပ်တည်သွားမည်။ ဒေါ်အောင်ဆန်းစုကြည်...သင်သည်တဦးတည်းမဟုတ်ကြောင်း သင့်ကိုသိစေချင်ပါသည်။" ဟု ဗြိတိန်ဝန်ကြီးချုပ်ကပြောဆိုလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်သည် တဦးတည်းမဟုတ်ဘဲ သူနှင့်အတူ ဗြိတိန်နိုင်ငံသူ/သားများသာမက ကမ္ဘာတဝန်းမှဒီမိုကရေစီနှင့် လွတ်လပ်မှုလိုလားသူအားလုံးက ရပ်တည်ထောက်ခံလျက်ရှိကြောင်း အိတ်ဖွင့်ပေးစာတွင် ဆိုထားသည်။ ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်ကို ခေါင်းဆောင်ကောင်းစိတ်ဓာတ်နှင့် သတ္တိရှိမှုအတွက် အသိအမှတ်ပြုဂုဏ်ယူကြောင်း ပြောဆိုပြီး၊ စစ်အစိုးရသည် မြန်မာလူထုနှင့် နိုင်ငံတကာအသိုင်းအဝန်းက ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် တရားမျှတမှန်ကန်စွာတောင်းဆိုနေသည်ကို လက်ခံရန်ဆက်လက်ငြင်းဆန်နေသည်ဟု ပြောပါတယ်။

မြန်မာပြည်သူများ၏ ဒီမိုကရေစီနှင့်လွတ်လပ်မှုရပိုင်ခွင့်များသည် ဆက်လက်ငြင်းပယ်နေကြောင်းနှင့် သမိုင်းတလျှောက်မှာ မတရားမှုများနှင့်သာ ပြည့်နှက်နေသကဲ့သို့ မျှော်လင့်ချက်၊ ခံနိုင်ရည်နှင့်လူသားများ၏အလေးအနက် လိုလားတောင့်တချက်ဖြစ်သောလွတ်လပ်မှုနှင့်လည်း ပြည့်ဝနေကြောင်း ရေးသားထားပါတယ်။

"ကုလသမဂ္ဂလုံခြုံရေးကောင်စီသည်လည်း မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြန်လည်ရရှိရေးအတွက် လိုအပ်သည့်အဆင့်များကို ချမှတ်ထားပြီးဖြစ်သကဲ့သို့ မြန်မာပြည်သူများ၏ရပိုင်ခွင့်များကို ချိုးဖောက်နေသူများအားအဓိကထားပြီး တားဆီးပိတ်ဆို့မှုများပြုလုပ်နိုင်ရန် လုပ်ဖော်ကိုင်ဘက်များဖြစ်သည့် အီးယူ(ဥရောပသမဂ္ဂ) နှင့်အတူတကွလုပ်ဆောင်နေသည်။ ထို့အပြင် သင်(ဒေါ်အောင်ဆန်းစုကြည်) နှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် မြန်မာနိုင်ငံ၏အိမ်နီးနားချင်း အာရှနိုင်ငံများကိုလည်း တိုက်တွန်းတောင်းဆိုသွားမည်။" ဟုဆက်လက်ဆိုထားပါတယ်။

"မြန်မာနိုင်ငံသားတွေဟာ ရာစုနှစ်တဝက်နီးပါး အငြင်းပွားမှုများ၊ တိုက်ခိုက်မှုများနှင့်အထီးကျန်နေခဲ့ရပြီးဖြစ်သည့်အတွက် ပြုပြင်ပြောင်းလဲရန်အချိန်ကျရောက်နေပြီဖြစ်ကြောင်း မြန်မာစစ်အစိုးရကို ရှင်းလင်းစွာအသိပေးလိုသည်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးပြုလုပ်ရန် အချိန်ကျရောက်နေပြီဖြစ်ကြောင်း သင့်ကိုဖမ်းဆီးထားသည့် ဗိုလ်ချုပ်ကြီးများကိုအသိပေးပြောကြားလိုက်ပါတယ်။" ဟုပြောပါတယ်။ မြန်မာနိုင်ငံအေးချမ်းတည်ငြိမ်ပြီး စီးပွားရေးပြန်လည်ဦးမော့လာစေရန်အတွက် သင်(ဒေါ်အောင်ဆန်းစုကြည်) နှင့်အတူ တသွေးတည်း တညီညွတ်တည်းရှိသည့်အနေဖြင့် ဗြိတိသျှအစိုးရသည် နိုင်ငံတကာအသိုင်းအဝန်းနှင့်အတူ ဆက်လက်ပြီးလက်တွဲလုပ်ဆောင်သွားမည်ဟု ဗြိတိန်ဝန်ကြီးချုပ်ကပြောဆိုလိုက်ပါတယ်။

Voice of Burma


**1-507, Horifune Jutaku**
**Horifune 2-27-1**
**Kita Ku, Tokyo**
**Japan. 114 - 0004**

**Tel/Fax: 81 3-6323-5114**
**E-mail: sayarkway@yahoo.com**
**voburma@ac.auone-net.jp**



၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်


# To

AIR MAIL

PRINTED MATTER